မြဝတီ
နေ့စဉ်

မုန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၈)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ တနင်္လာနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများပေးအပ်ချီးမြှင့်

**❖ ရုပ်ရှင်သည် ပြည်သူ့အတွက် ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြုအနုပညာဖန်တီးမှုများကို ဖော်ဆောင်ပေးကြရန်တိုက်တွန်းမှာကြားလို . . .**

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-1)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ မင်းသားကြီး ဦးကြည်စိုးအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်)

# ပြည်သူ့ကောင်းကျိုး သယ်ပိုးထာဝစဉ် မြန်မာ့ရုပ်ရှင်

ရုပ်ရှင်သည် ပြည်သူ့အတွက်ဟူသောဆောင်ပုဒ်မှာ လွန်စွာမှန်ကန်သောဆောင်ပုဒ်ဖြစ်သည်။ ရုပ်ရှင်နှင့် ပြည်သူတို့သည် အပြန်အလှန်ကျေးဇူးပြုနေသူများဖြစ်သည်။ ရုပ်ရှင်ကိုအားပေးကြည့်ရှုသူများရှိနေ၍ ရုပ်ရှင်လောကသားတို့ စားဝတ်နေရေးအဆင်ပြေသည်။ ရုပ်ရှင်ဇာတ်လမ်းများ သရုပ်ဆောင်များကြောင့် ပြည်သူတို့စိတ်ကိုကြည်နူးစေသည်။ ရုပ်ရှင်ကလမ်းမှားသို့ရောက်နေသူများ၊ အတွေးအခေါ်လွဲမှားနေသူများကို လမ်းမှန်သို့ရောက်ရှိအောင် စွမ်းဆောင်စည်းရုံးနိုင်သည်။ မြန်မာ့ရုပ်ရှင်လောကတွင် ဒါရိုက်တာဦးသုခ ရိုက်ကူးသောဇာတ်ကောင်များမှာ ပြည်သူကိုအမှန်တကယ်အကျိုးပြုခဲ့သည်။ ဘာသာရေးအရရိုက်ကူးသော ဇာတ်လမ်းများ၊ ပညာရေးအတွက်ရိုက်ကူးသော ဇာတ်လမ်းများ၊ နိုင်ငံတော်ကာကွယ်ရေးအတွက်ရိုက်ကူးသော ဇာတ်လမ်းများမှာ ယနေ့တိုင်မရိုးနိုင်အောင်ရှိလှသည်။ ဥပမာအားဖြင့် ထုတ်နုတ်ဖော်ပြရသော် ရဟန်းမစားရသော ဆွမ်းတစ်နပ်၊ ဘယ်သူပြိုင်လို့လှပါတော့နိုင်၊ ရွှေချည်ငွေချည်တန်းပါလို့ အစရှိသည်ဖြင့် ဇာတ်ကားပေါင်းမြောက်မြားစွာ မော်ကွန်းတင်ကျန်ရစ်ခဲ့သည်။

ထို့အတူ ရုပ်ရှင်မင်းသားဝင်းဦးရိုက်ကူးသောရုပ်ရှင်ကားများ၊ ဒါရိုက်တာမောင်တင်ဦးရိုက်ကူးသောရုပ်ရှင်ကားများ၊ ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးသောရုပ်ရှင်ကားများနှင့် အခြားသောဒါရိုက်တာများရိုက်ကူးသောရုပ်ရှင်ကားများမှာ သူ့ခေတ်သူ့အခါအလိုက် ပြည်သူတို့ရင်ထဲဝယ်စွဲထင်ကျန်ရစ်ခဲ့သည်။ လူငယ်ဆိုသည်မှာ အတုမြင်အတတ်သင်တတ်သည်။ သိလွယ်တတ်လွယ်သည်။ ရုပ်ရှင်သည်ပြည်သူ့အတွက်ဆိုသည့်အတိုင်း ပြည်သူလူထုကိုကောင်းကျိုးပြုနိုင်ရန်အထူးလိုအပ်သည်။ ကျေးလက်ဒေသဇာတ်ကားများရိုက်ကူးရာတွင် ထင်ရှားစွာတွေ့မြင်နေရသည်မှာ ကြမ်းတမ်းသောစရိုက်များကိုသာ ဖော်ပြလေ့ရှိသည်မျိုးမှာ သင့်တော်သည့်ပြကွက်မဟုတ်ပေ။ ခိုက်ရန်ဖြစ်ပွားခြင်း၊ အရက်သေစာသောက်စားခြင်း၊ အမျိုးသမီးများအပေါ်အနိုင်ပြုသည့် ပြကွက်မျိုးများမှာ လူငယ်များအတုယူမှားနိုင်သည်။ နိုင်ငံခြားသားများကြည့်မိလျှင်လည်း မြန်မာတို့အပေါ်အထင်မြင်လွဲမှားနိုင်သည်။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့သည် စရိုက်လက္ခဏာယဉ်ကျေးသိမ်မွေ့သည်။ သဘောထားပျော့ပျောင်းသည်။ မိမိနိုင်ငံ မိမိလူမျိုးကို ချစ်မြတ်နိုးတတ်ကြသည်။ ထိုသို့ချစ်မြတ်နိုးစိတ်ရှိသည့်အတွက်ကြောင့် ပင်လျှင် နိုင်ငံ့လွတ်လပ်ရေးကိုပြန်လည်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းဖြစ်သည်။ အရိုးဆုံးသည်အဆန်းဆုံးဖြစ်သည်ဆိုစကားနှင့်အညီ မြန်မာ့ရုပ်မြင်သံကြားမှ ပြန်လည်ပြသလျက်ရှိသောခေတ်ဟောင်းရုပ်ရှင်ကားများကို ကြည့်မြင်ရသည်မှာ မရိုးနိုင်အောင်ဖြစ်ရသည်။ အထူးသဖြင့် နောက်ခံတီးလုံးများဖြစ်သည်။ မြန်မာသံစဉ်စစ်စစ်ဖြစ်သော ဆိုင်း၊ စောင်း၊ ပတ္တလား၊ နဲ့ စသည်ဖြင့် သူ့နေရာနှင့်သူ အံဝင်ခွင်ကျဇာတ်ပို့တီးသံများမှာ နားဝင်ချိုလှသည်။ ယနေ့ကာလတွင် နောက်ခံတီးလုံးများကို ဆူဆူညံညံဖြင့်အသုံးပြုသည့်အတွက် ဇာတ်လမ်းဇာတ်ကွက်၏ အရသာလျော့နည်းစေသည်။

မြန်မာ့ရုပ်ရှင်သမိုင်းတွင် စွဲထင်ကျန်ရစ်ခဲ့သော ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်လေ့လာကြည့်ပါက မှုံရွှေရည်၊ သင်္ကြန်မိုးကဲ့သို့သော မြန်မာသံစဉ်များကိုသုံးထားသောကားများမှာ ပြည်သူတို့ရင်ထဲတွင် စွဲထင်ကျန်ရစ်စေသည်။ ရုပ်ရှင်လောကသားအပေါင်းသည် မိမိနိုင်ငံနှင့်လူမျိုးအတွက် ကောင်းကျိုးပြုစံနမူနာကောင်းများဖြစ်ပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိနေမည်ဖြစ်သည်။ သို့မဟုတ်ပဲ တလွဲဆံပင်ကောင်းကာ လမ်းမှားသို့ရောက်အောင်ပို့ဆောင်ခြင်းမျိုးမှာ မိမိအလုပ်နှင့်မိမိတိုင်းပြည်အပေါ် သစ္စာချို့ယွင်းခြင်းဖြစ်သည်။ နိုင်ငံရေးအပြောင်းအလဲတွင် ရုပ်ရှင်သရုပ်ဆောင်အချို့၏လှုံ့ဆော်မှုကြောင့် လူငယ်များလမ်းမှားသို့ရောက်သွားကာ အနာဂတ်ပျောက်ကွယ်သွားကြသည်။ ဤသည်ကိုသင်ခန်းစာယူကာ ရုပ်ရှင်လောကသားများအနေဖြင့် မည်သည့်အစိုးရအုပ်ချုပ်သည်ဖြစ်စေ မိမိတို့လုပ်ငန်းကို မိမိတို့အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ခြင်းမှာ အကောင်းဆုံးရပ်တည်နေထိုင်ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကိုဖေဖော်ဝါရီလ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ခမ်းနားထည်ဝါစွာကျင်းပခဲ့သည်။ အခမ်းအနားကျင်းပပုံများကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည့်အတွက် မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်ကပင် တွေ့မြင်ကြပြီးဖြစ်သည်။ နိုင်ငံနှင့်ပြည်သူများအပေါ် မိမိတို့တတ်ကျွမ်းနားလည်သည့် အနုပညာနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ပေးနိုင်ခဲ့ခြင်းမှာ ဂုဏ်ယူဖွယ်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်အနုပညာသည် ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် ကြည်ကြည်လင်လင် သန့်သန့်စင်စင်နှင့် ဖြတ်သန်းစီးဆင်းကာ နိုင်ငံနှင့်ပြည်သူအပေါ် ဆက်လက်အကျိုးပြုနေကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့်နယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့်ကူညီပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ရုပ်ရှင်လောကသားများအနေဖြင့် မြန်မာ့ဓလေ့စရိုက်များ မမေးမှိန်မပျောက်ပျက်စေရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက်များလွှမ်းမိုးပြီး အရိုးပေါ်အရွက်မဖုံးစေရန် ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေလိုက်ပါပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို မိမိတတ်ကျွမ်းသည့် အနုပညာကိုအခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်နှင့်ဖော်ဆောင်ကြရမည်ဖြစ်သည်။ ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုသည်နှင့်အညီ ပြည်သူများကောင်းကျိုးတိုးပွားစေရေး စွမ်းဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်းအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် စုပေါင်းရေစက်သွန်းလောင်း အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ပရိဝုဏ်အတွင်း ကျင်းပသည်။

အခမ်းအနားသို့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်)မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအား ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကာ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပင့်သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ရန် သက်ကြီးအနုပညာရှင်များ နေပြည်တော်သို့ရောက်ရှိ









နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၁ ၌ ခမ်းနားထည်ဝါစွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတက်ရောက်ရန် သက်ကြီးအနုပညာရှင် ၂၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်၏စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြပြီး နေပြည်တော်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုနေထိုင်ကြမည့် နေရာများသို့ လိုက်လံပို့ဆောင်ပေးကြသည်။

ယခုကဲ့သို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ စိတ်အေးချမ်းသာစွာ၊ အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ရန် စီစဉ်ပေးမှုအပေါ် ဒါရိုက်တာဦးအောင်မြင့်မြတ်က "နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့လို အနုပညာရှင်တွေကို မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတက်ရောက်ဖို့ သေချာလေးစီစဉ်ပေးတဲ့အတွက်ဝမ်းသာမိပါတယ်၊ အကယ်ဒမီပွဲဆိုတာ တစ်နှစ်မှာတစ်ခါပဲကျင်းပတဲ့ပွဲဖြစ်တဲ့အတွက် အနုပညာရှင်တိုင်းတက်ရောက်ချင်ကြပါတယ်။ အထူးသဖြင့် ကျွန်တော်တို့လို အသက်ကြီးတဲ့သူတွေက ကျန်းမာမှပဲ တက်ရောက်နိုင်မှာဖြစ်ပါတယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိသလို ထူးချွန်ဆုတွေရရှိကြမယ့် အနုပညာရှင်တွေကိုလည်း အားပေးသွားမှာဖြစ်ပါတယ်၊ အခုလို အကယ်ဒမီပေးပွဲကြီးကို အဆင်ပြေစွာ တက်ရောက်နိုင်ဖို့စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသို့ တက်ရောက်လာသည့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဒေစီကျော်ဝင်းကလည်း "၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို တက်ရောက်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ဒီအကယ်ဒမီဆုပေးပွဲကို စိတ်အေးချမ်းသာစွာနဲ့ အဆင်ပြေပြေတက်ရောက်နိုင်ဖို့ လေယာဉ်နဲ့စီစဉ်ပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ဆုပေးပွဲကြီးကလည်း အလွန်ကိုခမ်းနားထည်ဝါစွာ စီစဉ်ဆောင်ရွက်ထားတယ်လို့လည်း သိရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ အနုပညာရှင်တွေအပေါ် ဂရုတစိုက်ဝိုင်းဝန်းပံ့ပိုးပေးတဲ့အတွက် ပိုပြီးဝမ်းသာပီတိဖြစ်မိပါတယ်" ဟုပြောသည်။

ဒါရိုက်တာမောင်နှင်းမိုးကလည်း "အခုကျင်းပတဲ့ အကယ်ဒမီပေးပွဲကိုတက်ရောက်ခွင့်ရဖို့အတွက် နိုင်ငံတော် အစိုးရကနေ လိုအပ်သမျှ အကုန်စီစဉ်ဆောင်ရွက်ပေးပါတယ်။ အခု အကယ်ဒမီပေးပွဲအခမ်းအနားကို တက်ရောက်မယ့် သက်ကြီးအနုပညာရှင်တွေကို စုစည်းပြီးတော့ ရန်ကုန်ကနေ လေယာဉ်နဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ ဒီကိုရောက်တော့လည်း အကျွေးအမွေးက အစ အားလုံးစီစဉ်ဆောင်ရွက်ပေးကြပါတယ်။ အကယ်ဒမီပေးပွဲဆိုတာ ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ တက်ရောက်ချင်ကြတဲ့ ပွဲကြီးလည်းဖြစ်တဲ့အတွက် ရုပ်ရှင်သမားတိုင်း တက်ရောက်ချင်ကြသလို အကယ်ဒမီဆုကိုလည်း အလွန်ကိုလိုချင်ကြပါတယ်။ ဒီနှစ်မှာလည်း အကယ်ဒမီဆုတွေ ရရှိကြမယ့်သရုပ်ဆောင်တွေကိုအားပေးရင်း တက်ရောက်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးကြသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။ **(သတင်းစဉ်)**




# ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ၊ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်

၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်၊ **(ယနေ့)** နံနက် (၈) နာရီတွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်၊ တောင်ဘက်တွင်ရှိသည့် တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် (၈)နာရီမှစတင်ပြီး MRTV-HD၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM နှင့် MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App; Radio App အပါအဝင် Online Media တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား ကြိုတင်အသိပေးအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်၌ အကျင့်ဆိုးတစ်ခုရှိပေသည်ကား အင်္ဂလိပ်စာပညာနှင့်ပတ်သက်လာလျှင် လူကြီး၊ လူငယ်မရွေး ကိုယ်က မှန်သည့်အတိုင်း အနိုင်ရအောင် အစအဆုံးဖိ၍ ငြင်းချင်တတ်၏။ ဥပမာ-တစ်နေ့သ၌ ဟက်ကလတ်စာရေးကြီး၊ ရှေ့ဖတ်စာရေးကြီးနှင့် တခြားစာရေးများသည် အင်္ဂလိပ်စကားတစ်လုံး၏ အသုံးအနှုန်းနှင့်ပတ်သက်၍ အငြင်းအခုံဖြစ်ကြရာ ဟက်ကလတ်စာရေးကြီးက တစ်ဖက်၊ ကျွန်ုပ်ကား တစ်ဖက် ဖြစ်နေကြ၍ စာရေးကလေးများကမူ မျက်နှာကြီးသော ဟက်ကလတ်ဘက်မှ လိုက်ကာ နားမလည် ပါးမလည်နှင့် ထောက်ခံကြ၏။ ကျွန်ုပ်သည် ကံအားလျော်စွာ နံနက်ပိုင်းကပင် ဖတ်ထားသည့် အင်္ဂလိပ်ဝတ္ထုစာအုပ်ကိုလှန်၍ ယင်းစာလုံးကို ထောက်ပြရာ အားလုံးရှုံး၍ တိတ်ဆိတ်သွားကြ၏။ ဤတွင် ကျွန်ုပ်ကား အနိုင်ရပါ၏။ သို့ရာတွင် ဟက်ကလတ်နှင့်တကွ စာရေးအားလုံးတို့၏ မျက်မုန်းကျိုးခြင်း ခံလိုက်ရပါတော့သည်။

ဤနောက်ပိုင်း၌ နက္ခတ်ဆရာကြီး ဦးဝေဠုက 'တစ်ဖက်က မြှောက်စားလျှင် တစ်ဖက်ကဖိနှိပ်ခြင်း ခံရတတ်သည့် ဇာတာရှင်ဖြစ်သည်'ဟု ဟောဖူးရာ မှန်ပါပေသည်ဟု ဝန်ခံရပေသည်။

(ဤအကြောင်းကို မှတ်တမ်းအဆုံးတွင်မှ အကျယ်တဝင့် ဖော်ပြပါဦးမည်။)

**မျက်နှာပွင့်လန်းခြင်း**

ရွှေဘိုမြို့တွင် ကျွန်ုပ်၏ဘထွေး(စက်ပိုင်) တစ်ယောက်၏နေအိမ်၌ တည်းခိုရသဖြင့် မျက်နှာပွင့်လန်းပါပေသည်။ စက်ပိုင်၏ အစ်ကိုကြီးမှာလည်း မြေစာရင်းအင်စပိတ်တော်ဖြစ်၍ ကျွန်ုပ်၏ ပွင့်လန်းမှုတွင် အဖြည့်အစွက်ဖြစ်စေ၏။ ၎င်းတို့ ညီအစ်ကိုက ကျွန်ုပ်အား...

"ငါ့တူ ကောင်းကောင်းမွန်မွန်သာ နေထိုင်ပါ။ ရွှေဘိုမြို့မှာ မင်းကြိုက်တဲ့ မိန်းကလေးကိုပြပါ။ ငါတို့ ရအောင် တောင်းပေးမည်"ဟု ပြောပြကြပါပေသည်။ အင်စပိတ်တော်ကမူ ကျွန်ုပ်အား သမီးချောရှိသော လူကုံထံများ၏အိမ်သို့ ခေါ်သွား၍ မိတ်ဆက်ပေးသေး၏။ သူ၏ရည်ရွယ်ချက်မှာ သမီးများကို မြင်စေလို၍ဖြစ်၏။ တစ်နေ့သ၌ ဘထွေးက ကျွန်ုပ်အား 'ဘယ့်နှယ်လဲဟေ့'ဟု ပြုံးလျက်မေးရာ ကျွန်ုပ်၏ စိတ်ထဲ၌ကား စံဒေဝီကလွဲလျှင် ဖွဲနှင့်ဆန်ကွဲဟု သဘောထားလျက်ရှိသောကြောင့် ပြုံး၍သာနေလိုက်ပါတော့သည်။

**ကျွန်ုပ်၏ အိပ်မက်**

တစ်နေ့သ၌ အပျိုကြီးထံမှ စာတစ်စောင်ရရှိလေရာ ယင်းစာ၌ စံဒေဝီသည် ငွေ ၅၀၀၀ ကျပ်ကိုလည်း မမက်ပါ။ လူကိုလည်း မလိုချင်ဟုဆိုကာ ငိုယိုသည့်



အတွက်ကြောင့် အမေကြီးက လက်လျှော့လိုက်ရကြောင်း ပါရှိလေသည်။ ကျွန်ုပ်သည် အမေကြီး၏ လုပ်ပုံကြောင့် စံဒေဝီနှင့်ပတ်သက်၍ ရှက်လည်းရှက်၊ ဒေါလည်းဖောင်းသည်နှင့် သူ့အကြောင်းကို မေ့ပျောက်ရန် ကြိုးစားလျက်ရှိစဉ် (အောင်မြင်ခြင်းတော့မရှိပါ။) အပျိုကြီး၏စာကို လက်ခံရရှိသည်တွင် ဖိနှိပ်ထားသည့် ဘူးညွန့်ကို လွှတ်ပေးလိုက်ခြင်းကဲ့သို့ ချစ်စိတ်သည် နေ့ချင်းညချင်း ကြီးထွားလာတော့၏။ အပျိုကြီး၏စာတွင် စံဒေဝီက ကျွန်ုပ်အပေါ်၌ မည်ကဲ့သို့ စိတ်ထားသည်ကို အကျယ်တဝင့် ဖော်ပြခြင်းမရှိဘဲ ကျွန်ုပ်က ဆက်လိုလျှင် အသင့်ရှိလိမ့်မည်ဟူသော အပျိုကြီး၏ တင်ပြချက်မျှသာပါရှိလေသည်။ ကျွန်ုပ်သည် စံဒေဝီကို လိုချင်လိုက်သည်မှာ သေလုမတတ်ဖြစ်နေ၏။ သို့ရာတွင် ဤကိစ္စမျိုး၌ အလွန်ရှက်တတ်သည့်အထဲတွင် တစ်ကြိမ်လည်း အရှက်ကွဲခဲ့ရပြီဖြစ်သောကြောင့် ချီတုံချတုံဖြစ်ကာ မဆုံးဖြတ်နိုင်ဘဲဖြစ်နေ၏။ ထိုည၌ အိပ်မက်ထဲတွင် အမေကြီးသည် ငိုယိုလျက်ရှိသော စံဒေဝီအား မိခင်၏စကားကို နားမထောင်ရကောင်းလောဟု ကြိမ်းမောင်းလျက်ရှိခြင်းကို မြင်ရသည်။ အိပ်ရာမှ လန့်နိုးရာတွင် ကျွန်ုပ်သည် ပြန်၍မအိပ်တော့ဘဲ ချက်ချင်းထ၍ စာတစ်စောင်ရေးလေ၏။

**အမေကြီးထံသို့ပေးစာ**

ယင်းစာမှာ အမေကြီးထံသို့ပေးရန် ဖြစ်လေရာ အဓိပ္ပာယ်မှာ စံဒေဝီအား ချစ်ကြိုက်လာခဲ့သည်မှာ သုံးနှစ်ကျော်မျှရှိခဲ့ပြီဖြစ်ကြောင်း၊ စံဒေဝီက မေတ္တာတုံ့ပြန်သည်ဟု ထင်မိခဲ့သော်လည်း စုံစမ်းခွင့်မရခဲ့သောကြောင့် ယနေ့တိုင် အတိအကျမသိရကြောင်း၊ အရွယ်လည်းငယ်ကြသေးသဖြင့် ကျောင်းမှထွက်လာပြီးနောက် အလုပ်အကိုင်တစ်ခုခု နေသားတကျရရှိသောအခါမှ လူငယ်ချင်းတွေ့ခွင့်မရခဲ့လျှင် လူကြီးချင်းစေ့စပ်ယူဖို့ ကြံရွယ်ထားခဲ့ကြောင်း၊ ပတ္တမြားစေတီပွဲတော်မှအပြန်တွင် အပျိုကြီးကိုလွှတ်၍ ပြောခိုင်းသည့်အတွက် ဖခင်ကို ကတိုက်ကရိုက်စေလွှတ်ရခြင်းဖြစ်ကြောင်း၊ ထို့နောက် အမေကြီး ညာခြင်းကြောင့် အရှက်ကွဲရခြင်းကို အကျယ်တဝင့် မရေးသားလိုတော့ပါကြောင်း၊ သို့သော် စံဒေဝီအပေါ်၌ ထားရှိသောမေတ္တာမှာ သူတစ်ပါးတို့၏ မေတ္တာနှင့် တူမည်မထင်။ အလွန်ဖြူစင်သော မေတ္တာမျိုးဖြစ်သည့်အလျောက် မေတ္တာကို စံဒေဝီက တုံ့ပြန်သည်ဖြစ်စေ၊ မတုံ့ပြန်သည်ဖြစ်စေ (ကျွန်ုပ်ကို ပေယျာလကန်ထားပြီး) စံဒေဝီက မကြည်ဖြူသော လူတစ်ယောက်ယောက်နှင့် ဇွတ်အဓမ္မနားချသည့်အလုပ်မျိုးကိုတော့ တောင်းပန်လိုကြောင်း၊ မိမိကိုယ်တိုင်မည်သူနှင့် အကြောင်းပါသည်ဖြစ်စေ၊ စံဒေဝီအဖို့မှာ သူကိုယ်တိုင်မနှစ်မြို့သည့်ယောကျာ်းမျိုးနှင့် ပေးစားခံရခြင်းအားဖြင့် စိတ်ဆင်းရဲရသည်ဆိုလျှင် မိမိမှာလည်း တစ်သက်ပတ်လုံး စိတ်ချမ်းသာနိုင်ဖို့ရှိတော့မည်မဟုတ်ကြောင်း၊ နောက်ဆုံးတောင်းပန်လိုသည်မှာ လူပျိုပေါက်ကလေးမျှသာရှိသေး၍ အညွန့်တလူလူဆိုလောက်သူတစ်ယောက်အား အရှက်ကွဲအောင်ပြုခဲ့ရာတွင် ခံရသူကိုယ်တိုင်က ကိုယ့်အတွက် အရေးဆိုခြင်းမဟုတ်ဘဲ သမီးအတွက် သက်သက်တောင်းပန်ခြင်းဖြစ်သောကြောင့် လိုက်နာနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ စံဒေဝီကို နှုတ်ဆက်လိုက်ချင်သော်လည်း အခွင့်အရေးမရှိသောကြောင့် အမေကြီးကိုသာ နှုတ်ဆက်လိုက်ပါကြောင်း စသည်ဖြင့် ပါရှိလေသည်။

**ချစ်စရာကောင်းသောဖခင်**

စာထည့်လိုက်ပြီးနောက် ရက်သတ္တပတ်ခန့်တွင် ဖခင်ရောက်လာလေ၏။ မျက်နှာမှာ အလွန်ရွှင်ပျသည်။ ဖခင်သည် ကျွန်ုပ်အား အပြင်သို့ခေါ်သွား၍ လမ်းလျှောက်ရင်း အောက်ပါအဖြစ်အပျက်ကို ပြောပြလေသည်။ စံဒေဝီ၏ မိခင်ထံမှ ဝက်လက်ရှိ မိခင်၊ ဖခင်တို့ထံသို့ လူတစ်ယောက် လွှတ်လိုက်ကြောင်း၊ ကျွန်ုပ်အား ရန်ကုန်ကောလိပ်ကျောင်းသို့ (မိဘနှစ်ဦးစပ်) ပို့ပေးသည်ဖြစ်စေ၊ သို့တည်းမဟုတ် မိတ္ထီလာမြို့ အရေးပိုင်ရုံးတွင် စံဒေဝီ၏ မောင်ကြီးက အလုပ်တစ်ခုသွင်းပေးသည်ဖြစ်စေ ကျွန်ုပ်ကြိုက်ရာရွေးနိုင်ကြောင်း၊ သဘောတူညီခဲ့လျှင် အလုပ်မှနုတ်ထွက်ခဲ့ရန် မှာထားလိုက်ကြောင်း ပြောပြလေ၏။ ကျွန်ုပ်မှာ အလွန်ဝမ်းသာသည့်အထဲမှပင် အရှက်ရဖူးခြင်းကို သတိရသည်နှင့် ရုတ်တရက် လက်မခံသေးဘဲ မိခင်နှင့် ဖခင်တို့၏ သဘောထားကို စုံစမ်းသေးရာ...

"ငါတို့ကတော့ သဘောကျပါတယ်ကွယ်"

"အမေကရော"

"သူကတောင် ပိုပြီးချစ်နေနှင့်သေးတယ် မောင်ရေ့"

"ဟိုတုန်းကအတွက် မရှက်ကြဘူးလား အဖေတို့"

"ဘာဖြစ်သလဲကွဲ့။ အမေကြီးကလွဲပေမယ့် သမီးက ဟိုလူကို ငြင်းဖော်ရလျှင် တော်ရောပေါ့"

ကျွန်ုပ်သည် ကျွန်ုပ်၏ဖခင်အား လူလားမြောက်သောနေ့မှစ၍ နမ်းချင်သောစိတ်မျိုး တစ်ကြိမ်တစ်ခါမျှ ဖြစ်ခဲ့ဖူးသည်မရှိ။ ဤတစ်ကြိမ်မှာမူ ဖက်၍ နမ်းလိုက်ချင်သည်။ မြန်မာ့ထုံးစံမဟုတ်သောကြောင့်သာ အောင့်၍ ထားလိုက်ရ၏။ (မိခင်သည် စံဒေဝီအပေါ်၌ သံယောဇဉ်တွယ်ရှာခြင်းကို နောင်တွင်မှ တိုး၍သိရသည်။)

**ကျွန်ုပ်၏ ညံ့ဖျင်းမှု**

ကျွန်ုပ်သည် အရေးပိုင်ရုံးမှ နုတ်ထွက်၍ ဖခင်နှင့်အတူ ဝက်လက်သို့ လိုက်ပါသွားပြီးလျှင် ဤတစ်ခေါက်တွင် ကျွန်ုပ်နှင့် မိခင်တို့ မန္တလေးသို့သွားကြ၏။ ကျွန်ုပ်၏နှမလည်းပါသည်။ ဘထွေး၏ အိမ်သို့ရောက်ကြသောအခါ ထိုညတွင် မိခင်နှင့် နှမတို့သည် စံဒေဝီအိမ်သို့ သွားကြဖို့ အစီအစဉ်ရှိ၏။ အချိန်တန်သောအခါ သားအမိနှစ်ယောက်တို့သည် ထိုအိမ်သို့ သွားကြရာ ကျွန်ုပ်မှာ သေချာပေါက်ကိစ္စဖြစ်သောကြောင့် တုန်လှုပ်ခြင်းမရှိလှသော်လည်း အနည်းငယ်ယောက်ယက်ခတ်လျက်ရှိ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကြံခင်းမြို့ပေါ်ရပ်ကွက်များသို့ Working Group မြေပြင်တိုက်ဆိုင်ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်

ကြံခင်း ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်အတွင်း လူဦးရေစာရင်းမှန်ကန်စေရန် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၈ ရက်က မြို့ပေါ်ရပ်ကွက်နေပြည်သူများထံ Working Group မြေပြင်တိုက်ဆိုင်ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်သုံးခုရှိ ဒေသခံပြည်သူများ၏ နေအိမ်တို့သို့ သွားရောက်ပြီး မြေပြင်လူဦးရေတိုက်ဆိုင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းကို မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ အတွင်းရေးမှူး၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြင့်နှင့် ကော်မတီအဖွဲ့ဝင်များကကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုသို့ Working Group မြေပြင်တိုက်ဆိုင်ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ရာတွင် မြေပြင်ရှိ အိမ်ထောင်စုလူဦးရေစာရင်းမှန်ကန်မှုရှိစေရေး၊ ပြည်ပခရီးလွန်များ၊ ခရီးလွန်များ၊ အတည်ပြု/အတည်မပြု (တခြားဒေသပြောင်းရွှေ့၊ သေဆုံး)များကို စာရင်းအမှန်ရရှိရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ကြံခင်းမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၃၅ ခုရှိရာ ကျန်ရှိနေသောအုပ်စုများ၌ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံစဉ်။

**■ ကျောဖုံးမှအဆက်**

**❖ အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ငြိမ်းချမ်းရေးများရရှိရန်အတွက် ကြားဝင်စေ့စပ်ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .**

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဦးတင်ဦးလွင်တို့တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့်ငြိမ်းချမ်းရေးသံတမန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာတွင်ငြိမ်းချမ်းရေးရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့်ကြိုးပမ်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကြီးအနေဖြင့် ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုအတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးအချိန်မှစတင်၍ ယနေ့တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု
ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့
အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများအား လိုက်လံပြသစဉ်။

ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်ခဲ့မှုအတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးအတွက် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး အချိန်အထိ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်ပမှသွေးခွဲမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ငြိမ်းချမ်းရေးများရရှိရန်အတွက်ကြားဝင်စေ့စပ်ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏တည်ငြိမ်အေးချမ်းရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့်ငြိမ်းချမ်းရေးသံတမန်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိသရုပ်ဖော်ပန်းချီများအား လိုက်လံပြသခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



## အမှန်နှင့်အမှားကို ခွဲခြားရှုမြင်ကြရန်လိုအပ်

ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ရာစုနှစ်ပေါင်းများစွာ ဖြစ်တည်ခဲ့ပြီးဖြစ်သည့် သံယောဇဉ်တရားနှင့်ချစ်ခင်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်းပြည်ပ အဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန် သွေးခွဲရန်တိုက်ပေးနေခြင်း၊ ကျဉ်းမြောင်းသည့် လူမျိုးရေးအယူဝါဒသွတ်သွင်းပေးနေခြင်းတို့ကို သတိပြုကာကွယ်ကြရန်လိုအပ်ပါသည်။ အပြုနှင့် အဖျက်တို့မှဖြစ်ပေါ်လာသည့် အကျိုးနှင့်အပြစ်၊ အဆိုးနှင့်အကောင်းတို့ကို ဆင်ခြင်သုံးသပ်ပြီး အမှန်နှင့်အမှားကို ခွဲခြားရှုမြင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၂၀-၂-၂၀၂၄

## အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဂုရုကြီး၏ နိုင်ငံတကာပဋိပက္ခများတွင် ညှိနှိုင်းပေးခဲ့သည့် ငြိမ်းချမ်းရေး အတွေ့အကြုံများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကအရေးကြီးသည့် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ ကိစ္စများ၊ ပါတီများအကြား အပြန်အလှန်ညှိနှိုင်းပြောဆိုမှုနှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ယုံကြည်မှု တိုးပွားစေရေးဆိုင်ရာကိစ္စရပ်များ၊ ပဋိပက္ခကြောင့် အားလုံးဒုက္ခရောက်ကြရပြီး တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးရရှိနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ MSME ထုတ်ကုန်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရုံသာမကဘဲ ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်မီသော ပြည်တွင်း MSME ထုတ်ကုန်အသစ်များ ပေါ်ပေါက်လာစေရေး ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အစီအစဉ်ဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက် **(ယနေ့)**မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲနှင့်ပြိုင်ပွဲကြီးတွင် ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဦးဆောင်ပြီး ပြိုင်ပွဲကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ ဖေဖော်ဝါရီလ ၇ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား (Micro) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၂၉ ဦး၊ အငယ်စား(Small) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၄ ဦး၊ အလတ်စား(Medium) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၂၈ ဦး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) ထုတ်ကုန်ဆုအတွက် ပြိုင်ပွဲဝင် လုပ်ငန်းရှင် ၃၅ ဦး၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆုအတွက် သမဝါယမအသင်း ၂၅ သင်း၊ အသေးစား စက်မှုလက်မှုထုတ်ကုန်ဆုအတွက်ပြိုင်ပွဲဝင်လုပ်ငန်းရှင်၄၂ဦး စုစုပေါင်း ၁၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။



ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးအတွက် ဆု ၃၁ ဆု ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသည့်လုပ်ငန်းရှင်များကို ဖေဖော်ဝါရီလ ၁၄ ရက်တွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပသည့် တပေါင်းကွင်း၌ ဆုချီးမြှင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မင်းဘူးမြို့ရှိ ဆေးအရောင်းဆိုင်များ၌ သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုမရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်



မင်းဘူး ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှု မရှိစေရေး၊ သတ်မှတ်စည်းကမ်းချက်များ နှင့်အညီရောင်းချမှုရှိစေရေး စစ်ဆေးခြင်း ကို ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ ဆေးအရောင်းဆိုင်များ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မကွေးတိုင်း ဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(FDA)၊ မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူ ရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရောင်းချနေသော ဆေးအရောင်းဆိုင်များ ၌ သက်တမ်းလွန်ဆေးဝါးများရောင်းချ ခြင်း ရှိ၊ မရှိ၊ ဆေးဝါးရောင်းချခွင့်လိုင်စင် သက်တမ်း ရှိ၊ မရှိ၊ ဆေးဝါးရောင်းချခွင့် လိုင်စင်ပါ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ပြီး ပြည်သူများ အတွက် ဘေးကင်းလုံခြုံစိတ်ချရသော ဆေးဝါးများကိုသာ စနစ်တကျရောင်းချမှုရှိ စေရေးတို့ကို စစ်ဆေးကြပ်မတ်ဆောင် ရွက်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



# ရှမ်းပြည်နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့ သစ်တောရပ်ကွက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ ဖေဖော်ဝါရီလ ၉ ရက် နံနက်ပိုင်းတွင်(၇၈)နှစ်မြောက် ပြည်ထောင်စု နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း(YMBA)မှ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)မှအသင်းသူ၊ အသင်းသားများနှင့် မိတ်ဖက်လူမှုရေး၊ ဘာသာရေးအသင်းမှ အသင်းသူ၊ အသင်း သား သွေးအလှူရှင်များကို အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ရောဂါဗေဒအထူးကု ဆရာဝန်ကြီး ဒေါက်တာသက်ထားဆွေနှင့် ဆရာ၊ ဆရာမများက သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်းနှင့် သွေးဖောက်ခြင်းများ ကို ဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ် ဗုဒ္ဓ ဘာသာကလျာဏယုဝအသင်း(YMBA)မှ ခေတ္တဥက္ကဋ္ဌ ဦးစိုင်းရီကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းတင်နှင့်တာဝန်ရှိသူများက သွေးအလှူ ရှင်များကို လိုက်လံကြည့်ရှုအားပေးကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)မှ ခေတ္တ ဥက္ကဋ္ဌ ဦးစိုင်းရီကျော်က သွေးအလှူရှင် များမှ လှူဒါန်းထားသော သွေးအိတ် ၅၀ အိတ်အား ပေးအပ်လှူဒါန်းရာ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ရောဂါဗေဒအထူးကု ဆရာဝန်ကြီး ဒေါက်တာသက်ထားဆွေက လက်ခံရယူသည်။

ထို့နောက် အမျိုးသမီးနှင့် ကလေး ဆေးရုံကြီးမှမွေးဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာရဲမြတ်ထွန်းက ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းတင်အား စုပေါင်း သွေးလှူဒါန်းပေးခြင်းအတွက် ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ကြောင်း သိရ သည်။

(၄၀၅)

## သဖင်(FM) အသံလွှင့်အစီအစဉ်

၁၀-၂-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News

၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဖင်ရဲ့လက်ဆောင်

၃။ ၁၅:၀၀ Jumping For You

၄။ ၁၆:၄၀ I Music

၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း

၆။ ၂၂:၂၀ Goodnight Listeners

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၃၄˚c |
| ရန်ကုန် | ၁၉˚c | / | ၃၄˚c |
| မန္တလေး | ၁၈˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီ ကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက် အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့ သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပ နိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါ သည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ် သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်း ဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက် အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများ မှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါ သည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိ နေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ် ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုး ဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင် နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံး များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦ များနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေ လက်ရှိအခြေအနေထက် ပိုတိုးတက်အောင်မြင်စေဖို့ ဒီပြပွဲပြိုင်ပွဲပြီးတာနဲ့ သေချာပေါက် ဆက်လက်ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်–




**မေး။ ။(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဘယ်လိုတာဝန်တွေယူပြီး ဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ။(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ကျွန်တော်က ဖိတ်ကြားရေး၊ နေရာချထားရေးနဲ့ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ပါတယ်။ ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်အရ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ဆုချီးမြှင့်ပေးအပ်နိုင်ဖို့ နည်းပညာပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပြီးတော့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်းအနေနဲ့ ပြခန်းအမှတ်(၆)နဲ့ ပြခန်းအမှတ်(၂၇) Digital Corner ပြခန်းတို့မှာ ဝင်ရောက်ပြသသွားမှာ ဖြစ်ပါတယ်။

**မေး။ ။လာရောက် လေ့လာကြသူတွေ အဆင်ပြေအောင် ဘယ်လိုစီစဉ်ထားတယ်ဆိုတာကို သိပါရစေ။**

**ဖြေ။** ။ကျွန်တော်တို့ဆပ်ကော်မတီက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီရဲ့ ညွှန်ကြားချက်တွေနဲ့အညီ အချိန်နဲ့ တစ်ပြေးညီ လုပ်ငန်းတာဝန်တွေကို ဆက်စပ်နေတဲ့ ဆပ်ကော်မတီတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်ဥပ္ပါတသန္တိစေတီတော် တောင်ဘက်က တပေါင်းကွင်းမှာ ဖေဖော်ဝါရီလ ၁၀ ရက်က စတင်ပြီး ကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်လေ့လာကြသူတွေအတွက် ရေ၊ လျှပ်စစ်မီး၊ သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စတဲ့လိုအပ်ချက်တွေအားလုံးကို ဖြည့်ဆည်းပေးထားပြီး သက်သောင့်သက်သာအဆင်ပြေချောမွေ့မှုရှိအောင် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံကျော်အဆိုတော်တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့လည်း အပန်းဖြေနိုင်ဖို့ ထည့်သွင်းထားပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအနေနဲ့လည်း ပလတ်စတစ်သုံးစွဲမှု မရှိအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

“ပစ္စည်းချင်းတူရင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူရင် အရည်အသွေးပိုကောင်းရမည်” ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ နေပြည်တော်အပါအဝင်တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၅ ခုတို့က ဒေသထွက်ကုန်ကြမ်းတွေကနေ ထုတ်လုပ်ခင်းကျင်းရောင်းချထားတဲ့ MSME ထုတ်ကုန်တွေကို လာရောက်ကြတဲ့ ပြည်သူတွေအနေနဲ့ ဒေသအသီးသီးကို တကူးတကသွားစရာမလိုဘဲ တစ်နေရာတည်းမှာ အမယ်စုံလင်စွာ ရွေးချယ်ဝယ်ယူအားပေးနိုင်တဲ့ အခွင့်အလမ်းကိုရရှိမှာဖြစ်ပါတယ်။

**မေး။ ။ လုပ်ငန်းရှင်တွေအတွက် ဘယ်လိုအစီအစဉ်တွေရှိတယ်ဆိုတာလဲ သိပါရစေ။**

**ဖြေ။** ။MSME လုပ်ငန်းရှင်တွေအနေနဲ့လည်း ပြခန်းတွေမှာ လေ့လာမှုအပေါ် အခြေခံပြီး ကိုယ့်ရဲ့လုပ်ငန်းတွေ ဘယ်လိုတိုးတက်အောင် ဆောင်ရွက်ရမယ်ဆိုတာ သိမြင်လာမှာဖြစ်ပြီး ဒီလိုအပ်ချက်တွေကိုလည်း ဝန်ကြီးဌာနတွေကနေ သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းရှင်တွေ လိုအပ်တဲ့ ဝန်ဆောင်မှုတွေကို တစ်ထိုင်တည်းမှာ လက်တွေ့ကျကျ ဖြည့်ဆည်းဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ဖို့ စံအရည်အသွေးသတ်မှတ်ချက်တွေကိုက်ညီအောင် နည်းပညာပံ့ပိုးမှု၊ လုပ်ငန်းနဲ့ စီးပွားချိတ်ဆက်မှု၊ စီးပွားရေးသံမှူးတွေ၊ ပညာရှင်တွေထံကနေ အကြံဉာဏ်တွေ ဆွေးနွေးတောင်းခံနိုင်ဖို့ အစီအစဉ်တွေပါ ထည့်သွင်းထားရှိပါတယ်။

ပြီးတော့ အခြားဒေသက လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်တွေကိုလည်း အချင်းချင်း သိရှိလေ့လာနိုင်မှာဖြစ်ပါတယ်။ ကိုယ့်ရဲ့ ထုတ်ကုန်တွေရဲ့ အရည်အသွေးကိုမြှင့်တင်နိုင်ဖို့၊ ဈေးကွက်ယှဉ်ပြိုင်မှုကို ပိုမိုမြှင့်တင်နိုင်ဖို့၊ ဒေသထွက်ကုန်ကြမ်းအပေါ် အခြေခံတဲ့ ထုတ်ကုန်အမယ်သစ်တွေ တိုးမြှင့်ထုတ်လုပ်နိုင်ဖို့ စွန့်ဦးတီထွင် လုပ်ငန်းဆိုင်ရာ အမြင်သစ်တွေလည်း ရရှိလာမှာဖြစ်ပါတယ်။ တခြားဒေသက မိတ်ဆွေသစ်တွေ ပိုမိုတိုးပွားရရှိကြမယ်။ MSME ကွန်ရက်ချိတ်ဆက်မှုတွေ ပိုမိုအားကောင်း ခိုင်မာလာမယ်။ ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေ လက်ရှိအခြေအနေထက် ပိုတိုးတက်အောင်မြင်စေဖို့ ဒီပြပွဲပြိုင်ပွဲပြီးတာနဲ့ သေချာပေါက် ဆက်လက်ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

**မေး။ ။ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။** ။ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကို လာရောက်လေ့လာကြသူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေကို မလွဲကေန် ရရှိမှာ ဖြစ်တဲ့အတွက် ပြည်သူတွေနဲ့ MSME လုပ်ငန်းရှင်တွေ အားလုံးကို လာရောက်လေ့လာ ကြည့်ရှုကြပါလို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း–ဝင်းဝင်းမင်း**
**ဓာတ်ပုံ–ဖိုးပြည့်စုံ**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ

ညောင်ရွှေ ဖေဖော်ဝါရီ ၉

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပွင့်လင်းရာသီ အင်းလေးဒေသ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၈ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ကမ်းနားလမ်း ဖောင်တော်ပြန်ပြာသာဒ်ရှေ့ နန်းကပ်ချောင်းအတွင်း ကျင်းပသည်။

အဆိုပါလှေလှော်ပြိုင်ပွဲတွင် ကျောင်းသားနှစ်ကျိပ်ခြောက်တက် အသင်းလေးသင်း၊ အမျိုးသားလေးကျိပ်ခြောက်တက် အသင်းခြောက်သင်းနှင့် အမျိုးသမီးနှစ်ကျိပ်ခြောက်တက် အသင်းလေးသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲမကျင်းပမီနှင့် ပြိုင်ပွဲခေတ္တရပ်နားနေစဉ်အချိန်များတွင် တိုင်းရင်းသားရိုးရာအကအလှများ၊ ဆွမ်းပို့လှေသရုပ်ပြလှော်ခတ်မှုများဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြပြီး ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ပါဝင်ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ အဆိုပါ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီလ ၉ ရက်တွင် ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ကုန်းကျေးရွာ ကုန်ထုတ်လမ်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၉

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ သရက်ကုန်းကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများတက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တာဝန်ရှိသူတစ်ဦးက ကုန်ထုတ်လမ်းဖောက်လုပ်ပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးပြုကျေးရွာ၊ ဒေသ၏ စိုက်ပျိုးရေးဆိုင်ရာအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ကျောင်းကုန်းမြို့နယ်အတွင်း အဓိကစိုက်ပျိုးနေကြသော ဆန်စပါးနှင့် ပဲမျိုးစုံအပြင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာတို့ကို တိုးချဲ့စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ ရရှိရေး၊ စိုက်ပျိုးရေး သမဝါယမအသင်းများဖွဲ့စည်းဆောင်ရွက်ကြရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ကလည်း လေးမျက်နှာမြို့နယ်အတွင်းရှိ ပုသိမ်–မုံရွာကားလမ်းမကြီးမှ ရွှေစေတီ (၁၀၀၀)နှင့် ချင်းလယ်ကျေးရွာသို့ သွားသောလမ်းပိုင်းကိုလည်းကောင်း၊ ရေကြည်မြို့နယ် ပန်းပုကွင်းကျေးရွာ၌ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်မည့် ပေ ၂၈၀ သံကူကွန်ကရစ်အမျိုးအစား သီတာချောင်းကူးတံတား တည်ဆောက်မည့်နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားကာ သီတာချောင်းအနောက်ဘက်ကမ်းတစ်လျှောက် ကျေးရွာအုပ်စုခုနစ်စုမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၉-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကျောက်ဆည်တက္ကသိုလ်၌ အဝေးသင်သင်တန်း တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



ကျောက်ဆည် ဖေဖော်ဝါရီ ၉

ကျောက်ဆည်တက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အဝေးသင်သင်တန်း တတိယအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိကေရာဇ်ခန်းမဆောင်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့ဆိုင်းဝိုင်းတူရိယာအဖွဲ့က "အမျိုးသားသီချင်း"ဖြင့် တီးမှုတ်၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦးက ဘွဲ့ရမောင်မယ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရန်နှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့်အမျိုးသားရေးစရိုက်လက္ခဏာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရီရီဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အဝေးသင်သင်တန်းတွင် အောင်မြင်ခဲ့သော ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာသိပ္ပံဘွဲ့ရရှိသူ ၃၃၅၇ ဦးနှင့် အဝေးရောက် ဘွဲ့ရရှိသူ ၁၀၄ ဦးတို့ကို ဘွဲ့များအသီးသီးပေးအပ်ကြောင်း သိရသည်။

**ကျော်စွာ(စဥ့်ကိုင်)**

# ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးသင်ထောက်ကူပစ္စည်းများလှူဒါန်း

ပဲခူး ဖေဖော်ဝါရီ ၉

ပဲခူးတိုင်းဒေသကြီးအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ အလင်းစစ်ပညာဒါနလူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးသင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်နှင့်အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ဘက်စုံသုံးဆပ်ပြာ၊ တရော်ကင်ပွန်းခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆပ်ပြာ လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးပြောကြားကာ လက်ကမ်းစာစောင်များ ဝေငှပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးသင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်နှင့်အဖွဲ့ဝင်များသည် တာဝန်ခံကျောင်းအုပ်ဆရာတော်ထံ သွားရောက်ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းကြောင်းသိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# ဆင်ပေါင်ဝဲမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် အားကစားကွင်း၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၈ ရက် ညနေပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများအား မြို့နယ်အားကစားမှူး ဦးကျော်ဇင်ဖြိုးက အားကစားသမားအချင်းချင်း ရိုင်းပင်းကူညီပြီး အားကစားသမားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားသွားကြရန်နှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



အဆိုပါပြိုင်ပွဲတွင် ဆင်ပေါင်ဝဲမြို့နယ်ရှိ ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းလေးသင်းတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## နှင်းဖျန်းဆွတ်ပျံ့ ရနံ့စုံညီ

* ပြည်ထောင်စုနေ့၊ မမေ့အမှန်ပင်
ညီညာစည်းလုံး၊ ပေါင်းရုံးလို့ပျော်ရွှင်
မြန်ပြည်တစ်ခွင်၊ ပျော်ရွှင်ချစ်ခြင်း
လက်တွဲညီညီ၊ ရှိခဲ့သည်
တူညီစိတ်ထား မယွင်းသည်နှင့်လေး။

* ပင်လုံမှာတည်ခင်း၊ စိတ်ချင်းညီနေ
လွတ်လပ်သည့်ပွဲ၊ ဆင်နွဲအတူပေ
နှစ်ပေါင်းကြာစေ၊ မြန်ပြေတစ်ဝန်း
ကမ်းလက်ဆင့်စေ၊ သည်အမွေ
မျှဝေအတူ ထမ်းသည်နှင့်လေး။

* နှင်းဖျန်းဆွတ်ပျံ့၊ ရနံ့စုံညီ
ပန်းတွေပွင့်ကြ၊ လှပစီရရီ
တင့်လှချယ်ရီ၊ ဘယ်ဆီမည်ညှိုး
သဇင်လည်းပေါ်၊ နန်းထိုက်ပျော်
ဆွေဖော်အတူ ပျိုးသည်နှင့်လေး။

* ကိုယ်ကျိုးမဖက်၊ အသက်နှင့်ခန္ဓာ
စွန့်လွှတ်ကာထား၊ တပ်မတော်သားတွေပါ
စောင့်ထိန်းချုပ်ခြာ၊ ကာကွယ်မနေး
ပြည်သူနှင့်လျှင်၊ တူနွဲ့ယှဉ်
အစဉ်အောင်ပန်း မဝေးသည်နှင့်လေး။

* ဆွေးနွေးအဖြေရှာ ညီညာဝင့်ကြွားသည်။
နွေးထွေးပျူငှာစွာ ပြည်သာမြင့်မားအတည်။ ။

**ဘိုမျိုး(ရွှေဘို)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၀-၂-၂၀၂၅ (တနင်္လာနေ့)**

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၆ မေတ္တာပို့
၃။ ၀၇:၂၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၁၀:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ တစ်ချိန်က သူတို့အကြောင်း
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၈။ ၁၅:၀၀ ပန်းပေါင်းစုံစွာ အနုပညာ
၉။ ၁၆:၀၀ မြဝတီနေ့စဉ်သတင်း
၁၀။ ၁၇:၀၀ စိုက်ပျိုးသုတ
၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၃။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မြန်မာ့မော်ကွန်း အပိုင်း(၁) သရုပ်ဆောင် နေယံ၊ ကျော်ကျော်ပိုင်မှူး၊ သင်းသင်းယုလှိုင်၊ ဟေမာန်အောင်အောင်၊ ဒါရိုက်တာ စင်ရော်မောင်မောင်**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသူများ၏ ဝမ်းသာပီတိစကားသံများ

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC- 1)၌ ခမ်းနားထည်ဝါစွာကျင်းပရာ ရုပ်ရှင်၊ သဘင်၊ ဂီတလောကမှ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ အနုပညာကို ချစ်မြတ်နိုးသူများ တစ်ခဲနက်တက်ရောက်အားပေးကြသည်။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသူများ၊ အနုပညာရှင်များ၊ အကယ်ဒမီဆုရှင်များ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-



အကယ်ဒမီ
ဒါရိုက်တာအောင်မြင့်မြတ်



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ
အကယ်ဒမီ ကြည်စိုးထွန်း



အကယ်ဒမီ ကြည်စိုး
(ရုပ်ရှင်တစ်သက်တာဆု)



ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု
(ရုပ်ရှင်တစ်သက်တာဆု)



ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ
(ရုပ်ရှင်တစ်သက်တာဆု)



အကယ်ဒမီ ခြူးလေး
(အမျိုးသမီးဇာတ်ပို့ဆု)



အကယ်ဒမီ အေးချမ်းမောင်
(အမျိုးသားဇာတ်ပို့ဆု)



အကယ်ဒမီ ဝင်းလွင်ထက်
(ဒါရိုက်တာဆု)



ထပ်ဆင့်အကယ်ဒမီ နေတိုး
(အမျိုးသားဇာတ်ဆောင်ဆု)



ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်
(အမျိုးသမီးဇာတ်ဆောင်ဆု)

**အကယ်ဒမီ ဒါရိုက်တာ အောင်မြင့်မြတ်**

ကျွန်တော်တို့ရုပ်ရှင်သမားတွေအတွက် တစ်နှစ်မှ တစ်ခါကျင်းပတဲ့ ပွဲပေါ့လေ။ တစ်ခါတလေလည်း နေမကောင်းလို့ မတက်နိုင်ဘူး။ နေကောင်းလို့ တက်တဲ့အခါကျတော့လည်း အစစအရာရာအဆင်ပြေအောင် စီစဉ်ပေးပါတယ်။ အိမ်ကနေ လေယာဉ်ပေါ်ရောက်တဲ့အချိန်ထိ၊ လေယာဉ်ပေါ်ကနေ အောက်ကိုရောက်တဲ့အထိ အကုန်လုံးအစစအရာရာ လိုလေသေးမရှိအောင် ကူညီကြတယ်။ လေယာဉ်ပေါ်ကဆင်းရင် ကားပေါ်တက်၊ ကားပေါ်ကဆင်းတော့ တည်းခိုခန်း၊ တည်းခိုခန်းကနေပြီး အနားယူဖို့ လုပ်ပြီးတော့ အခုဒီပွဲထဲကိုဝင်လာကြတာ။ ဝင်လာကြတဲ့အဆင့်ဆင့်မှာ အဆင့်ဆင့်သော တာဝန်ရှိတဲ့သူတွေက အားလုံးတာဝန်ကျေကြပါတယ်။ ဒါကလည်း နိုင်ငံတော်က အင်နဲ့အားနဲ့ ချီးမြှောက်အောင် လိုလေသေးမရှိစီစဉ်ထားလို့သာ ကျွန်တော်တို့ဒီလိုရောက်လာတာပေါ့။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ**
**အကယ်ဒမီများရှင် ကြည်စိုးထွန်း**

၂၀၂၂ ခုနှစ် ဧပြီလ ၁၇ ရက်ကစပြီး ရုပ်ရှင်ရုံတွေမှာ စပြီးပြတာပေါ့။ ကားတွေရိုက်တာများလာတယ်။ ယနေ့ခေတ် လူငယ်တွေ ခုဆိုရင် ကိုယ့်ထက်တော်တဲ့ ကလေးတွေအများကြီးဖြစ်လာတယ်။ ဒီခေတ်မှာ ရုပ်ရှင်ရုံတွေက အားသာချက်ရှိလားဆိုတော့ ရှိပါတယ်။ ခင်ဗျားတို့ငယ်ငယ်က ဘယ်လိုကြည့်တယ်။ ကျုပ်တို့ငယ်ငယ်ကဆို ကြမ်းပိုးတွေကိုက်၊ ကြွက်တွေဖြတ်၊ အဲဒီကနေ ခုရုပ်ရှင်ဆို အများကြီးကောင်းလာတယ်။

**ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု**
**(မြန်မာ့ရုပ်ရှင် တစ်သက်တာဆု)**

အန်တီ ဒီအရွယ်မှရတာ ဝမ်းသာတယ်။ ကျေးဇူးလည်းတင်တယ်။ ကျေးဇူးတင်စကားတွေပြောမယ်ဆိုရင် တစ်ညလုံးလည်း ပြီးမှာမဟုတ်ဘူး။ ကြိုးစားရင် အန်တီ့လိုပဲ တစ်သက်တာဆုတွေရမှာပေါ့။ ဒါကရုပ်ရှင်ရိုက်ကူးတဲ့ အရည်အချင်းတွေကို အခုမှကြည့်ပြီးတော့ ထိုက်တန်တယ်ဆိုပြီးပေးတဲ့ဆုပဲ။ မျက်နှာလိုက်တာတွေဘာတွေမရှိဘူးလေ။ ကောင်းတာမြင်မှချီးမြှင့်မှာလေ။ ကြိုးစားအားထုတ်တော့ ဆုရတာပေါ့။

**ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ**
**(ရုပ်ရှင်တစ်သက်တာဆု)**

အန်တီမမျှော်လင့်ပါဘူး။ အန်တီ နိုင်ငံတော်က ချီးမြှင့်တာတကယ်ဝမ်းသာမိပါတယ်။ အန်တီ ရုပ်ရှင်သက် ၆၅ နှစ်ထဲမှာ အဓိကသရုပ်ဆောင်မင်းသမီး ဘဝနဲ့ သုံးဆုရရှိခဲ့ပါတယ်။ တစ်သက်တာဆုချီးမြှင့်ခံရတဲ့အတွက် အရမ်းကိုဝမ်းသာပါတယ်။ ကျေနပ်အားရဝမ်းသာမိပါတယ်။ အန်တီ ၁၁ နှစ်သမီးကစပြီး ဆေးကျောင်းသူဘဝကိုစွန့်လွှတ်ပြီး အနုပညာကို ချစ်မြတ်နိုးပြီး နှစ်ပေါင်း ၆၄ နှစ်ရှိခဲ့ပါပြီ။ အန်တီ့လုပ်သက်တွေကို နိုင်ငံတော်က အသိအမှတ်ပြုတဲ့အတွက် ဒီဆုကိုပေးတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။

**အကယ်ဒမီ အေးချမ်းမောင်**
**( အမျိုးသားဇာတ်ပို့ဆု)**

ဘာမှမမျှော်လင့်ဘဲ ကျွန်တော်လာခဲ့တာပါ။ ကိုယ့်ရဲ့အနုပညာမောင်နှမတွေဆုရရင် အားပေးဖို့ပါ။ မမျှော်လင့်ဘဲရတဲ့အတွက် ပိုပြီးတော့ ဝမ်းသာပါတယ်။ အားလုံးကတော့ ခန့်မှန်းထားကြတာပါပဲ။ ဒီနှစ်ထဲမှာ ရုပ်ရှင်ဇာတ်ကားတွေကလည်း များတယ်။ အကုန်လုံးက ရုပ်ရှင်ဆန်ခါတင်ပါတဲ့ ဇာတ်ကားထဲက ခန့်မှန်းကြတာပါ။ အခုချိန်မှာတကယ်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မထင်ထားတာဖြစ်လာတဲ့အတွက် ရှေ့လျှောက်လုပ်ရမယ့် အလုပ်တွေမှာလည်း အားဖြစ်စေတာပေါ့။ ပိုပြီးအလုပ်ပိုလုပ်ရမှာဖြစ်ပါတယ်။ အားပေးတဲ့ပရိသတ်ကြီးအားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**အကယ်ဒမီ ခြူးလေး**
**(အမျိုးသမီးဇာတ်ပို့ဆု)**

ဆုပေးပွဲစတင်ပြီး ပေးတဲ့အချိန်ကစပြီး ရင်ခုန်စိတ်လှုပ်ရှားစွာ အရမ်းပျော်မိပါတယ်။ ခြူးလေးကို အကယ်ဒမီဆုပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ ဒီဆုက သရုပ်ဆောင်တွေအတွက် ပန်းတိုင်တစ်ခုလို့ပြောလို့ရပါတယ်။ ခြူးလေးကို အသိအမှတ်ပြုပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ခြူးလေးအရမ်းဝမ်းသာပြီး ကျေးဇူးတင်ထိုက်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

**အကယ်ဒမီ ကြည်စိုး**
**(ရုပ်ရှင်တစ်သက်တာဆု)**

ဒီဆုကိုရတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ဆရာ့တစ်သက်လုံးမှာ ၁၉၅၆ ခုနှစ်ကနေစပြီးတော့ ရုန်းကန်ခဲ့ရတယ်။ ဒီနေ့လိုမျိုး ဒီလိုအချိန်မျိုးရောက်အောင်ကြားထဲမှာ အများကြီး ကြိုးစားရုန်းကန်ခဲ့ရတယ်။ အဲ့ဒီလိုမျိုး ကြိုးစားရုန်းကန်ခဲ့ရတာလေးတွေက နောက်ပိုင်းတစ်ခုတော့ ဖြစ်လာပြီး ဒီနေ့ဒီအချိန်မှာ ဒီဆုကိုရခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခုက ကိုယ်ကြိုးစားခဲ့တဲ့အကျိုးကို အသိအမှတ်ပြုပေးတဲ့ တိုင်းသူပြည်သားအားလုံးကို ကျေးဇူးတင်ပါတယ်။

**အကယ်ဒမီ ဝင်းလွင်ထက်**
**(ဒါရိုက်တာဆု)**

အခုတော့ ကျွန်တော်လိုချင်တဲ့ဆုကို ရပြီပေါ့နော်။ အခုလိုဆုရတဲ့အတွက်လည်း ပျော်မိပါတယ်။ ဒီဇာတ်ကားနဲ့ ဒါရိုက်တာဆုရရှိခဲ့တဲ့အတွက် ကျွန်တော်အရမ်းပျော်တာပေါ့နော်၊ အိပ်မက်ကာရန်နဲ့ ကျွန်တော်လိုချင်တဲ့ဒါရိုက်တာဆုကို ရတဲ့အတွက် ကျွန်တော်ပိုပြီးတော့ ပျော်ပါတယ်။ ရှေ့မှာ ကျွန်တော်ရခဲ့တဲ့ ဆုနှစ်ဆုက Director of Photography နဲ့ နှစ်ဆုရတယ်ပေါ့နော်။ ဒါက ဒါရိုက်တာနဲ့ပထမဦးဆုံးရတဲ့ အကယ်ဒမီဆုပေါ့။ ကျွန်တော် ဒီ Musical ဇာတ်ကားနဲ့ ဒီဒါရိုက်တာဆုကိုရတဲ့အတွက် ပိုပြီးတော့အမှတ်တရဖြစ်တာပေါ့နော်။

**ထပ်ဆင့်အကယ်ဒမီ နေတိုး**
**(အမျိုးသားဇာတ်ဆောင်ဆု)**

ဒီနှစ်မှာအကယ်ဒမီအတွက် ရင်ခုန်ပေးကြတဲ့ ပရိသတ်တွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီဆုကိုရရှိတဲ့အတွက်ပရိသတ်ရဲ့ပျော်ရွှင်မှုက အတိုင်းမသိဝမ်းသာမယ်လို့ထင်ပါတယ်။ ဒီအတွက် ကျွန်တော်လည်းအမြဲတမ်းကြိုးစားနေဖို့ အားတွေဖြစ်မိပါတယ်။ ပရိသတ်တွေ ရစေချင်တဲ့ဇာတ်ရုပ်နဲ့ ဆုရရှိတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ အားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။

**ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်**
**( အမျိုးသမီးဇာတ်ဆောင်ဆု)**

အခုလိုအကယ်ဒမီဆုရရှိတဲ့အပေါ်မှာ အရမ်းကိုဝမ်းသာမိပါတယ်။ ကျွန်မကို အားပေးနေကြတဲ့ ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ရှိပါတယ်၊ ဒီဆုရရှိတဲ့အတွက်လည်း ပရိသတ်တွေအားလုံးပျော်နေကြမယ်လို့လည်း ထင်မိပါတယ်။ ကျွန်မနာမည်ကို ကြေညာလိုက်တဲ့အချိန်မှာ ရင်တွေအရမ်းကို ခုန်နေမိပါတယ်။ စိတ်လည်းအရမ်းလှုပ်ရှားတယ်။ ကျွန်မကို အကယ်ဒမီဆုရစေချင်တဲ့ ပရိသတ်တွေ အများကြီးရှိပါတယ်။ သူတို့ရဲ့ဆန္ဒလေးလည်း ပြည့်ဝသွားတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်။ ။

ဖော်မျိုး(မြဝတီ)၊ လဲ့ရည်လှိုင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်သည့် "တိုးတက်အောင်မြင် မြန်မာ့ရုပ်ရှင်" တေးသီချင်းသရုပ်ဖော်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန်အရေးပါအရာရောက်ကြောင်း၊ အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှုကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ်ကြောင်း။

ထို့ကြောင့် ရုပ်ရှင်အနုပညာနှင့်အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု ဖြစ်ပေါ်လာရေးသည် တစ်ဦးတစ်ယောက်တည်း၏ လုပ်ဆောင်မှုဖြင့်မရကြောင်း၊ ဇာတ်ပို့၊ ဇာတ်ဆောင်၊ သရုပ်ဆောင်အမျိုးမျိုး၊ ဝတ္ထု၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ အသံ၊ ဓာတ်ပုံ၊ တေးဂီတ၊ မီးအလင်းအမှောင်၊ အထူးပြုလုပ်သူ၊ မိတ်ကပ်ကအစ နောက်ဆုံး ဒါရိုက်တာ၏ အဓိကဦးဆောင်မှုဖြင့် စုပေါင်းညီညာမှုသာဖြစ်လာခြင်းဖြစ်ပြီး စုပေါင်းအားကို ပေါ်လွင်နေကြောင်း၊ တစ်ဦးချင်း မည်မျှကောင်းသည်ဖြစ်စေ စုပေါင်းအားမပါပါက ဇာတ်ကားကောင်းတစ်ခု ဖြစ်မလာနိုင်ကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုသည် ကြည့်ရှုသူကို ရင်ထဲစွဲကျန်စေသည်၊ ရိုက်ခတ်စေသည်၊ တသသဖြစ်စေသည်ဖြစ်ကြောင်း၊

**စာမျက်နှာ ၁၂ သို့** ☆



၂၀၂၄ ခုနှစ်အတွက် "ချစ်သူသာ ပန်းတစ်ပွင့် ဖြစ်ခဲ့လျှင်" ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ကားဆု ရရှိသည့် Taurus V Production က ဆုလက်ခံရယူစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

အမွေအနှစ်ဟူသည့် နယ်ပယ်နှစ်ခုနှင့် ခွဲခြားသိမြင်ထားကြကြောင်း၊ ခြုံ၍ အဓိပ္ပာယ်ဖွင့်ရမည်ဆိုပါက ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ဟူသည်မှာ လူမျိုးတစ်မျိုး၏ ပြောဆိုသည့်ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာများကို ပေါင်းခြုံထားသည့် ယဉ်ကျေးမှုပင်ဖြစ်ပြီး၊ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်သည် လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ရသည့် ပစ္စည်းအားလုံးဟု မှတ်ယူရမည်ဖြစ်ကြောင်း။

(၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မိမိတို့နိုင်ငံ၏ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း၊ ဆက်လက်၍လည်း မြန်မာ့သနပ်ခါးကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ယူနက်စကိုကိုတင်ပြရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ တန်ဖိုးရှိသည့် ရှိပြီးသား အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို လူသားအားလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သမိုင်းမှတ်တမ်းထားရှိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရရှိစေရေးအတွက်လည်း မြန်မာနိုင်ငံသူ/ နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြရန် အလေးအနက်တိုက်တွန်းပြောကြားလိုကြောင်း။

တစ်ဆက်တည်းပြောကြားလိုသည်မှာ အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏



၂၀၂၄ ခုနှစ်အတွက် "နှောင်" ဇာတ်ကားဖြင့် မြန်မာ့ရုပ်ရှင်အထူးဆုရရှိသူ လုံလုံ (လင်္ကာဒီပ) ဆုလက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုရရှိသူ အကယ်ဒမီများရှင် ရန်အောင် ဆုလက်ခံရယူစဉ်။



အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှုဆုရရှိသူ နန်းစုရတီစိုး ဆုလက်ခံရယူစဉ်။



၂၀၂၄ ခုနှစ် အတွက် “နှောင်” ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆု ရရှိသူ အကယ်ဒမီ နေတိုး ဆုလက်ခံ ရယူစဉ်။

ယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ် အယူအဆမှားယွင်းအောင်၊ စိတ်ဓာတ်များ ဆုတ်ယုတ်ပျက်ပြားလာအောင် လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့မီဒီယာများက တစ်ဆင့် လုပ်ဆောင်နေမှုများပင်ဖြစ်ကြောင်း၊ ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့်ကြံဆောင်မှုများဖြစ်သဖြင့်လျော့နည်းပပျောက်အောင် ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ကြောင်း၊ **ရုပ်ရှင်သည်ပြည်သူ့အတွက်**ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြုအနုပညာဖန်တီးမှုများကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ထူးချွန်သည့် အနုပညာရှင်လူငယ်များပေါ်ထွန်းလာခြင်းကိုလည်း ကြိုဆိုကြောင်း၊ လူငယ်များသည် အနာဂတ်အတွက်ဖြစ်ကြောင်း။

မိမိအနေဖြင့် နှစ်စဉ်တိုက်တွန်းပြောကြားခဲ့သည့်စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့်နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကို တတ်နိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ်အတွက် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့်အနုပညာလုပ်ငန်းများကို ဆက်လက်အောင်မြင်တိုးတက်စေ ရွှေကြိုမောင်/မယ်များကို တစ်ဦးချင်း မိတ်ဆက်ပေးပြီး အနုပညာရှင်များက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် မြူမှောင်ဝေကင်း တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆု ရရှိကြသူများကို ဖွင့်ဖောက်ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး



၂၀၂၄ ခုနှစ်အတွက် “အိပ်မက်ကာရန်”ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရရှိသူ အကယ်ဒမီဝင်းလွင်ထက် ဆုလက်ခံ ရယူစဉ်။



၂၀၂၄ ခုနှစ်အတွက် “မီး”ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုရရှိသူ အေးချမ်းမောင် ဆုလက်ခံရယူစဉ်။



၂၀၂၄ ခုနှစ်အတွက် “တိမ်ပန်းချီ” ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ အကယ်ဒမီဝတ်မှုံရွှေရည် ဆုလက်ခံ ရယူစဉ်။

☆ **စာမျက်နှာ ၁၁ မှအဆက်**

ဥပမာအားဖြင့် မိမိတို့ခေတ်ကာလတွင် ပြသခဲ့သည့် ဘယ်သူပြိုင်လို့ လှပါတော့နိုင်၊ မှုံရွှေရည်၊ သကြ်န်မိုးတို့ကဲ့သို့ ဇာတ်ကားမျိုးသည် မည်သည့်အချိန် ပြန်ကြည့်ရသည်ဖြစ်စေ မရိုးနိုင်အောင် စွဲမြဲနေသည့် ဇာတ်ကားမျိုး၊ အတုယူဖွယ်ရာ ဇာတ်ကားမျိုး၊ တသသဖြစ်နေရသည့်ဇာတ်ကားမျိုးများဖြစ်ကြောင်း၊ အခြားဇာတ်ကားကောင်းများစွာလည်းရှိကြကြောင်း၊ ထိုကဲ့သို့ ပြည်သူ့ရင်ထဲစွဲမြဲပြီး အကျိုးပြုစေမည့် ဇာတ်ကားမျိုးဖန်တီးပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံနှင့်လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏အတွေးအခေါ်အယူအဆများမှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

အားလုံးသိကြသည့်အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် **“ရှေ့သို့ချီမည့်ပန်းတိုင်ဆီ”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးကို ရှေးရှုပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် **ဒို့တာဝန်အရေးသုံးပါး**သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံကြရန် အထူးပင်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အရင်းမူလထားပြီး နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသားအားလုံးက မြန်မာစိတ်မွေးပြီး **“ငါတို့အားလုံးက မြန်မာ (We are Myanmar)”** ဟူသည့် စိတ်၊ တစ်သွေးတစ်သားတည်းဟူသည့် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် နိုင်ငံတော်ကြီးအေးချမ်းသာယာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွလက်တွဲအကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း။

ယင်းနေရာတွင် သတိပြုရမည့်အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားစားရေရိက္ခာဖူလုံရေးအတွက်စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်အတွက် အရေးကြီးသောကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME ကဏ္ဍ တိုးတက်အောင် တိုက်တွန်းအားပေးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင်လုပ်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးကရွှေသီးမည်ဖြစ်ကြောင်း၊ လတ်တလော၌ပင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို နေပြည်တော်၊ တပေါင်းကွင်းတွင် ယခုလ (၁၀)ရက်မှ (၁၄)ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်များအောင်မြင်စေရေး အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍက ပိုမိုထိရောက်စေနိုင်သည်ဖြစ်သဖြင့် အနုပညာနယ်ပယ်အသီးသီးက တစ်ဖက်တစ်လမ်းက ပေါင်းစပ်ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ရေးအတွက် အင်အားများပိုမိုရရှိစေပြီး မိမိတို့၏အနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားများကိုမြှင့်တင်ပြီး ထူးချွန်ဆုများရရှိအောင် ကြိုးစားကြရန်တိုက်တွန်းလိုကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမေးမှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက် လွှမ်းမိုးလာမှုကို ကာကွယ်တားဆီးပေးကြရန်၊ မိမိတို့ ယဉ်ကျေးမှုများကို အရိုးပေါ်အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက်မိမိတို့တတ်ကျွမ်းသည့် အနုပညာကိုအခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် အကျိုးရှိအောင်ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက်အခမ်းအနားမှူးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့်နှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လှိုက်လှဲဂုဏ်ယူစွာချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ရရှိကြသော မင်းသားကြီး ဦးကြည်စိုး၊ အကယ်ဒမီဒါရိုက်တာမောင်နှင်းမိုး၊ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ၊ ထပ်ဆင့်အကယ်ဒမီခင်သန်းနုတို့ကို ဆုများပေးအပ်ချီးမြှင့်ကြပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိကြသည့် အနုပညာရှင်များက ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို “ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်”ဇာတ်ကားဖြင့် ကောင်းဇံ၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို “အိပ်မက်ကာရန်” ဇာတ်ကားဖြင့် အကယ်ဒမီ မိရာမိုရ်၊ အကောင်းဆုံးရုပ်ရှင်အသံဆုကို “မီး” ဇာတ်ကားဖြင့် အောင်မျိုးမြတ်နှင့်ရဲဝင်း၊ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို “နှောင်” ဇာတ်ကားဖြင့် အာကာကျော်၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုကို “တိမ်ပန်းချီ” ဇာတ်ကားဖြင့် အေးသီရိကို၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို **စာမျက်နှာ ၁၃ သို့** ☆

❖ **မိမိတို့နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆများမှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြစေလို . . .**

☆ **စာမျက်နှာ ၁၂ မှအဆက်**

"ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်" ဇာတ်ကားဖြင့် Taurus V production၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်အထူးဆုအဖြစ် "နှောင်" ဇာတ်ကားဖြင့် မိတ်ကပ်ပညာရှင် လုံလုံ(လက်ာဒီပ)တို့က ရရှိကြသည်။

ထူးချွန်ဆုရရှိကြသူများကို ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သော အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ (Myanmar Academy Fashion Awards) ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုအကြီးတန်းဆုကို အကယ်ဒမီများရှင်ရန်အောင်၊ အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှုအကြီးတန်းဆုကို အကယ်ဒမီစိုးမိုးကြည်၊ အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှုဆုကို ထက်အောင်ရှိုင်း၊ အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှုဆုကို နန်းစုရတီစိုးတို့ကရရှိကြပြီး အကယ်ဒမီများရှင် ဆွေဇင်ထိုက်က ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကိုဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို "အိပ်မက်ကာရန်" ဇာတ်ကားဖြင့် အကယ်ဒမီဝင်းလွင်ထက်၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို "ဘိုးတော်ကင်း" ဇာတ်ကားဖြင့် ချြုးလေး၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို "မီး" ဇာတ်ကားဖြင့်အေးချမ်းမောင်၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို "တိမ်ပန်းချီ" ဇာတ်ကားဖြင့် အကယ်ဒမီဝတ်မှုံရွှေရည်၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို "နှောင်"ဇာတ်ကားဖြင့် အကယ်ဒမီနေတိုးတို့ကရရှိကြသည်။

ထူးချွန်ဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပစဉ်အတွင်း အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် အလှည့်ကျဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် အခုဆိုလျှင် နှစ်ပေါင်း ၁၀၅ နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားရေးကိုရှေးရှု၍ ၁၉၅၂ ခုနှစ်က စတင်ပြီး မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင် အတတ်ပညာရှင်များကို ရွေးချယ်ကာ ထူးချွန်ဆုချီးမြှင့်ခဲ့သည်မှာ ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲသည် (၇၃)နှစ်အတွင်းတွင် (၆၆) ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## သာစည်မြို့နယ် ဆည်ကြီး(မြောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သာစည် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆည်ကြီး(မြောက်) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးဝင်းအောင်၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆည်ကြီး(မြောက်) ကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၈၈၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆည်ကြီး(မြောက်)ကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ် သိန်း ၂၉၀ ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

## ရန်ကုန်မြို့အတွင်း လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းကို နေရာသုံးနေရာ၌ ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့အတွင်း လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းကို နေရာသုံးနေရာ၌ ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်၏ပြောကြားချက်အရ သိရသည်။

"လေထုအရည်အသွေးအညွှန်းကိန်း (AQI) မြင့်တယ်ဆိုပြီး ဇန်နဝါရီလ ၂၇ ရက်ကစတင်ပြီး သိရှိရပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှာ တစ်နေရာ၊ IBC မှာတစ်နေရာ၊ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံမှာတစ်နေရာ စက်သုံးလုံးချပြီး လေထုအရည်အသွေးကို စောင့်ကြည့်လေ့လာခဲ့ပါတယ်။ လေ့လာတဲ့အခါမှာ တွေ့ရှိရတဲ့ဒေတာတွေအရ ဘေးအန္တရာယ်မရှိပါဘူး။ အမှုန်တွေများနေတယ်ဆိုပြီး တွေ့ရတယ်။ ဇန်နဝါရီလ ၂၇ ရက်ကစပြီး ဖေဖော်ဝါရီလ ၇ ရက်အထိ တိုင်းတာချက်တွေကတော့ လက်ရှိအနေအထားက ဒီကနေထွက်နေတဲ့အမှုန် မဟုတ်ပါဘူး။ လေစီးကြောင်းအတိုင်း ပါလာတဲ့အမှုန်တွေဖြစ်ပါတယ်" ဟု ဒေါက်တာအောင်မြင့်မော်ကပြောသည်။

နေ့စဉ် လေထုအရည်အသွေးတိုင်းတာစစ်ဆေးမှုများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏လမ်းညွှန်ချက်အရ ရန်ကုန်မြို့၏လေထုအရည်အသွေးကို ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် International Business Center(IBC) (ခြောက်မိုင်ခွဲ၊ ပြည်လမ်း) နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရရုံး၌လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ မဟာဗန္ဓုလပန်းခြံ၌လည်းကောင်း လေထုအရည်အသွေးအညွှန်းကိန်း (AQI) နေ့စဉ်စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ယနေ့အထိ တိုင်းတာမှုရလဒ်များပေါ်မူတည်၍ ရန်ကုန်မြို့၏ လေထုအရည်အသွေးသည် လူတို့၏ကျန်းမာရေးကို သိသာထင်ရှားစွာ ထိခိုက်နိုင်မှုအခြေအနေတွင်မရှိကြောင်း တွေ့ရှိသည်။

**စောယု**

## ကန်ကြီးထောင့်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲ ၁၅၇၅ ဧက စိုက်ပျိုးပြီးစီး

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲ ၁၅၇၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောကြားချက်အရ သိရသည်။

ကန်ကြီးထောင့်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲလျာထားဧက ၁၅၇၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ မြေပဲ ၁၅၇၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါဆောင်းမြေပဲများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စိုက်ပျိုးရေးနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အဓိကထားစိုက်ပျိုးတာပါ။ အခုဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမြေပဲဧက ၁၅၇၀ အထိ လျာထားစိုက်ပျိုးခဲ့တယ်။ ဆောင်းသီးနှံတွေ အသီးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စတဲ့လုပ်ငန်းတွေကို ဆက်လက်ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ဒေါ်အေးအေးမူကပြောသည်။

ကန်ကြီးထောင့်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို သီးနှံမစိုက်မီကြိုတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ဆီထွက်သီးနှံဆောင်းမြေပဲများတစ်ဧကလျှင် ပျမ်းမျှ တင်း ၆၀ မှ ၆၅ တင်းအထိ ထွက်ရှိစေရန် လျာထားစိုက်ပျိုးထားကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့တင်ပို့နိုင်ရေး ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဇလ)**

# လမြတ်တပို့တွဲ၏ စည်းလုံးညီညွတ်ခြင်းအားမာန်

ကိုဘုန်း(ထုတ်လုပ်)

တပို့တွဲလသည် အင်္ဂလိပ်ပြက္ခဒိန်၏ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလအတွင်း ကျရောက်ပြီး မြန်မာပြက္ခဒိန်တွင် တစ်ဆယ့်တစ်လမြောက်လဖြစ်သည်။ တပို့တွဲလကို ကျောက်စာအရေးအသား၌ တပို့တွဲကို တပိုင်ထွဲ၊ တပိုင်တွယ်၊ တပို့ထွယ် ဟုရေးသားလေ့ရှိပြီး တပို့တွဲလဟုခေါ်ဝေါ်ခြင်းမှာ ထန်းဖူး၊ ထန်းခိုင်တို့တွဲညွတ်သောရာသီဖြစ်၍ ခေါ်တွင်ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်သည်။ တပို့တွဲလတွင် ထန်းဖူးများအား အောက်ရောက်အောင် ဆွဲချပြီး ထန်းရည်ခံသည့်ကာလဖြစ်သည်။ တပို့တွဲလတွင် ညတာမှာ နေ့တာထက်

> ⏭ မြန်မာနိုင်ငံအနှံ့အပြားတွင် တပို့တွဲလဆန်းရက်များမှစ၍ လပြည့်နေ့အထိ အဖွဲ့အစည်းများအလိုက်၊ မိသားစုများအလိုက် ထမနဲထိုးကာ ဘုရား၊ ရဟန်း၊ သံဃာ ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို ရှေးပဝေသဏီမှ ယနေ့ထိတိုင် ခေတ်အဆက်ဆက်ပြုလုပ်ခဲ့ကြသည်မှာ ကြည်နူးဖွယ်ရာရိုးရာဓလေ့ပင်ဖြစ် . . .

ပို၍ရှည်လျားသည်။ ဆီးနှင်းကျသောရာသီဖြစ်၍ ချမ်းအေးသည်။ ထိုလတွင် ရက်မစုံ လကွယ်သောကြောင့် ၂၉ ရက်သာရှိသည်။ တပို့တွဲလသည် အလွန်ချမ်းအေးလှသောကြောင့် "နှာရည်ယိုရွဲ တပို့တွဲ"ဟုလည်း ခေါ်ဆိုကြသည်။ တပို့တွဲလသည် လဆန်းပိုင်းတွင် အအေးပိုသော်လည်း လပြည့်ကျော်သည်နှင့် အအေးပေါ့လာကာ နွေဦးပေါက်လာသည်။ တပို့တွဲလ၏ အထိမ်းအမှတ်ပန်းမှာ ပေါက်ပန်း(Butea monosperma)ဖြစ်ပြီး လဲပွင့်၊ လက်ပံပွင့်၊ နှင်းဆီပန်း၊ ရွှေပန်း၊ ငွေပန်း၊ ပန်းထိမ်ငိုပန်းတို့သည် ရောင်စုံဂန္ဓမာပန်းတို့နှင့်အတူ ပွင့်လန်းကြသည်။

မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များထဲမှ တပို့တွဲလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးခြားသည့် လမြတ်အဖြစ် ပါဝင်နေသည်။ တပို့တွဲလပြည့်နေ့၏ ထူးခြားချက်ကို သုံးသပ်ကြည့်ပါလျှင် အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့ဖြစ်ခြင်း၊ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တေဒဂ်ရသော နေ့ဖြစ်ခြင်း၊ အင်္ဂါလေးရပ်နှင့် ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း၊ ဘုရားရှင်တိုင်း သြဝါဒပါတိမောက်ပြတော်မူသောနေ့ဖြစ်ခြင်း၊ မီးပုံပွဲ(မီးဖုန်းပွဲ)ကျင်းပခြင်း၊ ထမနဲပွဲကျင်းပခြင်း စသည့်ထူးခြားချက်များကို တွေ့ရှိရသည်။

တပို့တွဲလပြည့်နေ့တွင် ပွင့်တော်မူပြီးသောဘုရားရှင်တိုင်း တပည့်သားတို့အား သြဝါဒပေးတော်မူသည်ကို အကြောင်းပြု၍ ထိုနေ့ကို သြဝါဒပါတိမောက်အခါတော်နေ့အဖြစ် ကျင်းပရခြင်းဖြစ်သည်။ အပါယ်ဘေးမှကင်းဝေးစေသော အဆုံးအမကို "သြဝါဒ"ဟုခေါ်ပါသည်။ ထိုသြဝါဒမိန့်ကြားတော်မူခြင်းကို သြဝါဒပါတိမောက်ပြသည်ဟု ခေါ်ဆိုရသည်။ ပါတိမောက်တွင် သြဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိသည်။ သြဝါဒပါတိမောက်ကို မြတ်စွာဘုရားတို့သာ ပြတော်မူသည်။ တပည့်သံဃာများပြခွင့်မရှိပါ။ တပည့်သံဃာများသည် အာဏာပါတိမောက်ကိုသာပြခွင့်ရှိသည်။ ပွင့်တော်မူပြီးသော သက်တော်ရှည်သော ဘုရားရှင်တို့သည် သြဝါဒပါတိမောက်ကို အသက်ထက်ဆုံး ပြတော်မူကြသည်။ သက်တမ်းတိုသော ဘုရားရှင်တို့သည် သြဝါဒပါတိမောက်ကို ဝါတော် ၂၀ အတွင်းမှာသာ ပြတော်မူကြသည်။ လောဘ၊ ဒေါသစသောစရိုက်များ ထူပြောချိန်တွင် သြဝါဒတည်ရန် ခဲယဉ်းသောကြောင့် ဝါတော် ၂၀ လွန်လျှင် တပည့်သံဃာတို့အား အာဏာပါတိမောက်ကို ပြစေသည်။ သြဝါဒပါတိမောက်ဂါထာသည် သီလ၊ သမာဓိ၊ ပညာကိုဟောကြားထား၍ ပိဋကတ်သုံးပုံအနှစ်ချုပ်တရားဟုခေါ်သည်။ သြဝါဒပါတိမောက်ဂါထာအတိုင်း လိုက်နာကျင့်ကြံပါက ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးလိမ္မာပြီး အို၊ နာ၊ သေ လွတ်ရာ နိဗ္ဗာန်သို့ မလွဲမုချရောက်နိုင်သည်။

တပို့တွဲလသည် ဆောင်းဥတု၏အကုန် နွေဥတုအကူးလဖြစ်၍ အချမ်းပိုကာ တပို့တွဲမှတပေါင်းလသို့ ကူးပြောင်းရက်များသည် အလွန်အေးမြသည်။ ဝိနည်းတော်အရ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို မီးမလှုံရန်တားမြစ်ပိတ်ပင်ထားသည်။ တားမြစ်ရခြင်းအကြောင်းရင်းမှာ မီးနှင့် မျက်စိမသင့်ခြင်း၊ မီးလှုံခြင်းကြောင့် အဆင်းပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း၊ မီးလှုံရင်းအပေါင်းအဖော်တို့နှင့် မွေ့လျော်နေ၍ အကျိုးမရှိသောစကားများကို ပြောဆိုခြင်းတို့ကြောင့်ဖြစ်သည်။ သို့ရာတွင် တပို့တွဲလအကုန်တပေါင်းလအကူး အလွန်အေးမြသောကြောင့် ထိုရက်များအတွင်း ရဟန်းများအား မီးလှုံရန်ခွင့်ပြုတော်မူရုံမျှမက ဘုရားရှင်ကိုယ်တော်တိုင်လည်း မီးလှုံတော်မူလေ့ရှိ၏။ ဤသည်ကို အစွဲပြု၍ တပို့တွဲလ၌ မီးပုံပွဲသဘင်ကို ဆင်ယင်ကျင်းပကြသည်။ မီးပုံဟူသောအသုံးအနှုန်းမှာ အရပ်စကားဖြစ်ပြီး စာပေအမှတ်အသားတွင်မူ မီးဖုန်းသဘင်ဟု ရေးသည်ကိုမှတ်သားရသည်။ အလှူရှင်ဒကာ၊ ဒကာမတို့သည် မီးဖုန်းပွဲကိုကျင်းပရန် အလို့ငှာ တောသို့တက်၍ နံ့သာ၊ ထင်းများ စသည်တို့ကို လူစုလူဝေးနှင့်ခုတ်ကြပြီး လှျှင်ထင်းများကိုစုပုံမီးရှို့၍ ဘုရားကျောင်း၊ တန်ဆောင်းတို့၌ အပူဓာတ်ကို လှူဒါန်းပူဇော်ကြသည်။ အချို့ကလည်း မီးလင်းဖို၌ အမွှေးနံ့သာထင်းများကိုထည့်၍ မီးဖိုကာ ပူဇော်ကြသည်။ ကုန်းဘောင်ခေတ်နှောင်းသီပေါမင်းလက်ထက်တွင် တပို့တွဲလ၌ မီးပုံပွဲ(မီးဖုန်းပွဲ)နှင့်အတူ ယာဂုပွဲကိုပါ ကျင်းပကြောင်း ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီး၌ ရေးသားမှတ်တမ်းတင်ထားကိုတွေ့ရှိရသည်။

တပို့တွဲလရာသီပွဲတော်တွင်နောက်ထပ်လူသိများထင်ရှားလှသည့်ပွဲမှာ "ထမနဲပွဲ" ဖြစ်သည်။ ကောက်ညှင်းစပါးသစ်ပေါ်ချိန်တွင် ထမင်းနဲ့ထိုး၍ကျွေးမွေးလှူဒါန်းကြသည်။ ထမနဲပွဲသည်တပို့တွဲလ၏ ပုံရိပ်သင်္ကေတလည်းဖြစ်ပါသည်။ ထို့ကြောင့် "ထမနဲ"ဟု ဆိုသည်နှင့်တစ်ပြိုင်နက် တပို့တွဲလနှင့် တွဲဖက်မြင်ယောင်ကြသည်။ ထမနဲထိုးချိန်သည် တောင်သူများ ကောက်ဦးပေါ်ချိန်ဖြစ်သဖြင့် ကောက်ဦးအလှူပွဲလည်းဖြစ်ပြီး တပို့တွဲလပြည့်နေ့တွင် ဆွမ်းတော်ကပ်လှူရန်အတွက် ထမနဲပွဲကို ကျင်းပကြသည်။

တပို့တွဲလထမနဲပွဲကို ရှေးပဝေသဏီကတည်းကစ၍ ကျင်းပလာခဲ့သည်။ သို့သော် ထိုခေတ်က ထမနဲကို "ယာဂု"ဟု သုံးနှုန်းခေါ်ဝေါ်ခဲ့ကြသည်။ မြတ်စွာဘုရားရှင်သည် လေနာနှိပ်စက်ခြင်းခံရချိန်၌ အရှင်အာနန္ဒာကို ယာဂုဆွမ်းခံစေရာ မာတုဂါမတစ်ဦး လှူဒါန်းလိုက်သော ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသည့်ယာဂုဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီးနောက် လေနာရောဂါငြိမ်းသွားသည်ဟုဆိုထားသည်။ အဆိုပါယာဂုတွင်ပါဝင်သော ပစ္စည်းအမျိုးအမည်များသည် ထမနဲကဲ့သို့ပင်တူသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး၏ မှတ်တမ်းအရ မင်းတုန်းမင်းကြီးလက်ထက်တော်အခါက ယာဂုအလှူပွဲအကြောင်းနှင့်ပတ်သက်၍ "ရွှေမြို့တော်လေးပြင်လေးရပ် တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ကိုယ် ဆန်တစ်စလယ်ကျ စုဆောင်း၍ ယာဂုကျိုရာ ယင်းယာဂု၌ ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်၍ ကျိုသည်"ဟု ဆိုထားသည်။ ယာဂုကျိုခြင်းကို ယခုခေတ်မှာ ထမနဲထိုးတယ်ဟုဆိုကြသည်။

ထမနဲ သို့မဟုတ် ထမင်းနဲ့ဆိုသော စကားသည် ကောက်ညှင်းဆန်ကို ပျော့အိသွားသည်ထိ ထိုးနဲ့ခြင်းဖြစ်သည်။ တချို့ကလည်း နှမ်းကိုထူးကဲပြီး ထည့်သောကြောင့် နှမ်းမနဲဟုခေါ်သည်။ ထမနဲတွင် ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်းစေ့၊ ချင်းစိမ်း၊ မြေပဲလှော်၊ အုန်းသီးဆန်၊ သစ်ကြားသီးတို့ ပါဝင်သည်။

တပို့တွဲထမနဲနှင့်ပတ်သက်ပြီး မန်လည်ဆရာတော်ဘုရားကြီးက ထမနဲထိုးနည်းစာချိုးကို ယခုလိုရေးဖွဲ့ခဲ့ပါသည်–

**"ထမနဲထိုးရန်ဖို့ စာချိုးလို့မှာခဲ့မယ်**
**တစ်စိတ်ဆန့်သည်ကောက်ညှင်းရယ်နှင့်**
**တစ်ပိဿာ ဆီအမှန်သွင်းပါလို့**
**ချင်းကသုံးဆယ်၊**
**မြေပဲဖြူလှော်တစ်ခွက်ကယ်နှင့်**
**အုန်းသီးဆန်အကူဖက်ပါလို့**
**နှမ်းမပျက် ဤနည်းနှယ်၊**
**ရေစင်ကြယ်ပထည့်ရိုး**
**လက်နှစ်သစ်ကယ်ပ**
**တွက်စစ်ကာဆားချိန်**
**တစ်ဆယ်သားရယ်နဲ့**
**ရောနှောကာ လူအများတို့ရယ်**
**အားသစ်လို့ထိုး"**

အထက်ပါစာချိုးအရ ကောက်ညှင်းဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ ချင်းစိမ်း ၃၀ ကျပ်သား၊ မြေပဲဖြူအဆန် တစ်ခွက် (၅၀ကျပ်သား)ကို နှမ်း၊ အုန်းသီးစိတ်၊ ဆားတို့ဖြင့်မျှတအောင်ထည့်ပြီး ဒယ်အိုးတွင် နှံ့အောင်မွှေ၍ တစ်ဦးကောင်းတစ်ယောက်ဖြင့် ထိုး၍မပြီးဘဲ အများစုပေါင်း၍ညီညွတ်စွာအားမာန်အပြည့်ဖြင့် ထိုးကြမည်ဟု ဆိုထားသည်။

တပို့တွဲလသည် မြန်မာနိုင်ငံ၏ အအေးဆုံးလဖြစ်သောကြောင့်လူတို့အဆီခန်းခြောက်ကြပြီး ကိုယ်သားကိုယ်ရေအေးခြင်း၊ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ အသားပပ်၍ ကိုယ်ရေပြားယားယံခြင်းတို့ကိုဖြစ်ပေါ်ခံစားကြရသည်။ ထိုအခါ ဆီနိုင်သည့်အပူစာထမနဲကို စားသုံးပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေစိုပြည်လာကာ အပူဓာတ်ရနိုင်သည်။

ထို့ပြင် တပို့တွဲလ ထမနဲပွဲနှင့်ပတ်သက်၍ မင်းတုန်းမင်းကြီးလက်ထက်တော်အခါက နာမည်ကျော်ဆေးသမားတော်ကြီးများက ဥတုသုံးလီရှိသည့်အနက် အထူးသဖြင့် ကောက်စိုက်တောင်သူများသည် အသက်မွေးဝမ်းကျောင်းသဘောသဘာဝအရ တစ်မိုးတွင်းလုံးနှင့် တစ်ဆောင်းတွင်းလုံးတွင် အအေးဒဏ်ခံစားရလေ့ရှိကြောင်း၊ တပို့တွဲလပြည့်နေ့နီးလာသောအခါ ဆောင်းကုန်လုနွေဦးရောက်ခါနီးအချိန် စပ်ကူးမပ်ကူးကာလဖြစ်ရာ ဓာတ်ကြီးလေးပါးဖောက်ပြန်တတ်ကြောင်း၊ ထို့ကြောင့် ဓာတ်ကြီးလေးပါး ညီညွတ်မျှတစေရန်အတွက် ဆေးဝါးဓာတ်စာအဖြစ် ကောက်သစ်ပေါ်ချိန်တွင် ထမနဲကိုစားပေးသင့်ကြောင်း အကြံပြုထားသည်။

ထမနဲသည် ကောက်ညှင်းအသုံးပြုထားသောကြောင့် များများစားမိပါက ဝမ်းချုပ်ကာ လေပူထခြင်းကိုဖြစ်စေတတ်သော်လည်း ထမနဲစားခြင်းက ၎င်းတွင်ထည့်သုံးထားသည့်အခြားသော ပစ္စည်းအမယ်များက ခန္ဓာကိုယ်အတွက် လိုအပ်လျက်ရှိသောအပူဓာတ်ကို အားဖြည့်ပေးသည့်အတွက် ထမနဲသည် အအေးပိုသောကာလမှာ မဖြစ်မနေစားသုံးသင့်သောဓာတ်စာတစ်မျိုးဖြစ်သည်။ ထို့ပြင် ထမနဲစားခြင်းက ဝမ်းရောဂါကို ကြိုတင်ကာကွယ်ရာရောက်သောကြောင့် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသုံးသင့်သည်။

ကောက်ညှင်းဆန်စေးကို မိုးပြဲဒယ်ကြီးများတွင်ထည့်ကာ ယောင်းမကြီးများဖြင့် ဘတစ်ပြန် ကျားတစ်ပြန် အားစိုက်ထိုးနှံ့ကြရာ ရလဒ်အနေဖြင့် အိစက်ဆိမ့်မွှေးသောထမနဲ(နှမ်းမနဲ)ပူပူလေးကိုရသည်။ ထမနဲထိုးခြင်းသည် လူအများစုစည်းပြီး အားကောင်းမောင်းသန်စွာ ထိုးရပြီး စေးကပ်နေသည့် ထမနဲသည် စည်းလုံးညီညွတ်ခြင်း၏ သင်္ကေတဖြစ်သလို ထိုးလိုက်သည့် ထမနဲ၏အရသာကောင်းခြင်းသည်လည်း စည်းလုံးညီညွတ်ခြင်း၏ အောင်မြင်မှုပြယုဂ်ပင်ဖြစ်သည်။

ထမနဲထိုးခြင်းမှ စည်းလုံးညီညွတ်ခြင်း၊ အချိုးအစားကျနဟန်ချက်ညီခြင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ မိမိကျရာတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်တိုးပွားလာခြင်း စသည့် အကျိုးကျေးဇူးများကိုရသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် တပို့တွဲလဆန်းရက်များမှစ၍ လပြည့်နေ့အထိ အဖွဲ့အစည်းများအလိုက်၊ မိသားစုများအလိုက် ထမနဲထိုးကာ ဘုရား၊ ရဟန်း၊ သံဃာ ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို ရှေးပဝေသဏီမှ ယနေ့ထိတိုင် ခေတ်အဆက်ဆက်ပြုလုပ်ခဲ့ကြသည်မှာ ကြည်နူးဖွယ်ရာရိုးရာဓလေ့ပင်ဖြစ်ပါသည်။ မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များကို အခြေခံ၍ ရိုးရာဓလေ့ပွဲများဆင်နွှဲကျင်းပခြင်းဖြင့် တိုင်းရင်းသားမိဘပြည်သူအပေါင်း၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဘာသာချစ်စိတ်များ ပိုမိုရှင်သန်လာစေမည်ဖြစ်ပြီး ထိုကောင်းမွန်သည့် ရိုးရာဓလေ့များအား အစဉ်လာမပျက် ကာကွယ်ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမှုဓာတ်ပုံမြင်ကွင်း












## ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ

| စဉ် | ဆုအမျိုးအစား | ဇာတ်ကားအမည် | ထူးချွန်ဆုရရှိသူ |
|---|---|---|---|
| ၁။ | ရုပ်ရှင်ဓာတ်ပုံဆု | ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် | ကောင်းဇံ |
| ၂။ | ရုပ်ရှင်တေးဂီတဆု | အိပ်မက်ကာရန် | မိရာမိုရ် |
| ၃။ | ရုပ်ရှင်အသံဆု | မီး | အောင်မျိုးမြတ်နှင့်ရဲဝင်း |
| ၄။ | ရုပ်ရှင်တည်းဖြတ်ဆု | နှောင် | အာကာကျော် |
| ၅။ | ရုပ်ရှင်ဇာတ်ညွှန်းဆု | တိမ်ပန်းချီ | အေးသီရိကို |
| ၆။ | ရုပ်ရှင်ဇာတ်ကားဆု | ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် | Taurus V production |
| ၇။ | ရုပ်ရှင်ဒါရိုက်တာဆု | အိပ်မက်ကာရန် | ဒါရိုက်တာဝင်းလွင်ထက် |
| ၈။ | အမျိုးသမီးဇာတ်ပို့ဆု | ဘိုးတော်ကင်း | ခြူးလေး |
| ၉။ | အမျိုးသားဇာတ်ပို့ဆု | မီး | အေးချမ်းမောင် |
| ၁၀။ | အမျိုးသမီးဇာတ်ဆောင်ဆု | တိမ်ပန်းချီ | ဝတ်မှုံရွှေရည် |
| ၁၁။ | အမျိုးသားဇာတ်ဆောင်ဆု | နှောင် | နေတိုး |



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရအနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများ ပြသထားမှုများကို ကြည့်ရှုစဉ်။

★ ရှေ့ဖုံးမှအဆက်

ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် သတင်းနယ်ပယ်များမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမအဝင်လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများပြသထားရှိမှုများကို ကြည့်ရှုကြသည်။


ယင်းနောက် အခမ်းအနားကိုစတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကိုစိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “တိုးတက်အောင်မြင် မြန်မာ့ရုပ်ရှင်” တေးသီချင်းကို “ကြယ်အက” ဖြင့် သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် “ကြည်လင်သန့်စင် စီးမျောသက်ဝင် မြန်မာ့ရုပ်ရှင်” မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်လာခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားများသည် ယနေ့ဆိုပါက(၆၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် အနုပညာရှင်များ၏ စုစည်းမှု၊ အေးချမ်းပျော်ရွှင်မှုများကို (၆၆)ကြိမ်မြောက် ဝေမျှဖော်ကျူးပေးနိုင်သည့် မင်္ဂလာအခမ်းအနားပင်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ခေတ်ဦးကို ပြန်ကြည့်ပါက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး အောင်မြင်တိုးတက်ခဲ့သည့်ဂုဏ်ယူဖွယ်သမိုင်းအထောက်အထားများနှင့် ဖြတ်သန်းလာခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါက နှစ်ပေါင်း ၁၀၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နှစ်(၁၀၀)ကျော်ကာလ သမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကို မျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြအကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည်ဖြစ်ကြောင်း။

ရုပ်ရှင်အပါအဝင် အနုပညာရှင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများ၏စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်ရေး၊ ဝံသာနုရက္ခိတတရားထွန်းကားရေး၊ ဇာတိသွေး ဇာတိမာန်တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့တတ်စွမ်းထားသည့် အနုပညာနှင့် စည်းရုံးလှုံ့ဆော်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကို စိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားစဉ်။

❖ **နှစ်(၁၀၀)ကျော်ကာလ သမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကို မျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြအကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည်ဖြစ် . . .**

❖ **အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှုကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ် . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသော ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းတို့သည်နိုင်ငံအတွက် အကျိုးပြုခဲ့သည့် သမိုင်းအစဉ်အလာကောင်း မှတ်တမ်းမော်ကွန်းများပင်ဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ထိုကဲ့သို့အကျိုးပြုခဲ့သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများအနက် ယဉ်ကျေးမှုကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း (၁၀၀)ကျော် မှီတင်းနေထိုင်ကြပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ်စုံစုံလင်လင် ရှင်သန်တည်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှု **စာမျက်နှာ ၁၁ သို့** ☆



၂၀၂၄ ခုနှစ်အတွက် "ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရရှိသူ ကောင်းဇံ ဆုလက်ခံရယူစဉ်။



၂၀၂၄ ခုနှစ်အတွက် "မီး" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်အသံဆုရရှိသူ အောင်မျိုးမြတ်နှင့်ရဲဝင်းတို့ ဆုလက်ခံရယူစဉ်။



၂၀၂၄ ခုနှစ်အတွက် "နှောင်"ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရရှိသူ အာကာကျော် ဆုလက်ခံရယူစဉ်။



၂၀၂၄ ခုနှစ်အတွက် "တိမ်ပန်းချီ"ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုရရှိသူ အေးသီရိကို ဆုလက်ခံရယူစဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


# 2024 Myanmar Motion Picture Academy Awards Presentation Ceremony held Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers opening address and presents Lifetime Awards for Motion Pictures Achievement



Senior General Min Aung Hlaing delivers an address at the 2024 Myanmar Motion Picture Academy Awards Presentation Ceremony.

Nay Pyi Taw February 9

2024 Myanmar Motion Picture Academy Awards Presentation Ceremony was held at the Myanmar International Convention Centre I (MICC I), Nay Pyi Taw this evening, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who delivered the opening address and presented Lifetime Awards for Motion Pictures Achievement.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, the SAC Joint Secretary, SAC members and wives, union level dignitaries, union ministers and wives, region/state chief ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, patrons, the chair and members of Myanmar Motion Picture Association, members of Myanmar Motion Picture Academy Awards Scrutiny Board, officials of MMPA, Myanmar Thabin Association, Myanmar Music Association (Central), Myanmar Press Council, Myanmar Comedians Association, associations of literature and media, and international organizations, intellectuals and technicians of movie, literature, drama and

See Page - 19►►



Daw Kyu Kyu Hla presents a lifetime achievement academy award to multiple academy awards winner Veteran Actress Khin Than Nu.



Senior General Min Aung Hlaing presents a lifetime achievement academy award to a veteran artist.




Chu Lay accepts the Best Supporting Actress Award.



Veteran Actress Daw Swe Zin Htaik presents the Best Female Grand Fashion Award to Academy Soe Moe Kyi.



Veteran Actress Daw Swe Zin Htaik presents the Best Male Fashion Award to Htet Aung Shine.

►► From Page - 18

theatre, music worlds, artists, officials and specially invited guests.

The Senior General and his wife viewed round the documentary photos bearing motion pictures outstanding award winners, films and outstanding artistes and technicians from 1952 to 2023 displayed along the entrance to the Jade Hall.

The Senior General opened the ceremony for 2024 by keeping an Academy Statue on the digital machine board.

Artistes from the Fine Arts Department under the Ministry of Religious Affairs and Culture performed star dances in the song "Development and victory of Myanmar motion pictures". Moreover, a documentary video clip on Myanmar motion pictures presented by the MRTV and Information and Public Relations Department was presented.

Speaking on the occasion, the Senior General said that the Myanmar Film Outstanding Award, which began in 1952, has now been held for the 66th time. The ceremony is a significant event that shares the gathering, peace, and happiness of the nation, the people, and artists, marking the 66th celebration. Looking back at the early years of Myanmar cinema, it can be seen that the industry has successfully and steadily progressed with honour, through self-reliance, breaking its own path, and standing tall on its own feet. The history of Myanmar motion pictures, which emerged since the 1920s during the struggle for independence, has now reached a remarkable 105 years.

Film artistes played a role in inspiring patriotism and unity among ethnic communities during the struggle for independence. Through their artistic talents, they encouraged national spirit, cultural preservation, and solidarity. Even after independence, they continued to contribute to internal peace, national unity, and national development through their artistic endeavours.

They are indeed valuable historical traditions and records that have benefited the nation. In the present situation, it is urged to continue preserving such beneficial traditions and to act in the best interests of the country and its people.

The cultural sector is recognized as an essential area among the reasons for a nation's development and progress. In Myanmar, over 100 ethnic groups live together, preserving a rich and diverse cultural heritage. It is acknowledged that the culture of a nation or an ethnic group can be classified into two categories: intangible cultural heritage and tangible cultural heritage. To clarify, intangible cultural heritage refers to the language spoken by an ethnic group, their beliefs, customs, traditions, attire, rituals, and handcrafts, while tangible cultural heritage includes all physical objects created, used, or handled by a group.

At the 19th World Intangible Cultural Heritage Conference, it was announced that Myanmar's traditional customs and the festival of the Atar Thingyan were recognized as part of the World Intangible Cultural Heritage List. Furthermore, efforts are ongoing to submit Myanmar's Thanakha culture to UNESCO for inclusion as an intangible cultural heritage. It is crucial that the valuable national cultural heritages of Myanmar, which are already established, be preserved as part of the global cultural heritage for all humanity. All Myanmar people must continue to strive towards ensuring that these heritages are recorded in history with securing success.

The Senior General continued that the reasons behind the transformation of an art form reflect the cultural values of a nation, showing that the art of filmmaking is of great importance. Motion pictures, which integrate art, skill, and technology, is a form of media with immense influence, capable of subtly and effectively reaching the hearts and minds of the public, making it a powerful tool of soft power.

The contributions of all film producers, professionals, and actors who rely on the art of filmmaking for their livelihoods are of significant importance. The production of a quality film is not the result of a single individual's efforts. The supporting cast, lead actors, various performers, costumes, storyline, script, sound, cinematography, music, lighting, special effects, and makeup all come together through a collaborative effort, guided by the director's leadership. This collective process highlights the strength and unity behind the creation of a film. No matter how talented an individual may be, the creation of a quality film is impossible without collective effort. A truly outstanding film is one that engages, inspires, and leaves a lasting impression on its audience. For example, classic films from our time, such as "Bel Thu Pyaing Lo Hla Par Tot Naing", "Hmong Shwe Yi", and "Thingyan Moe", remain unforgettable no matter how many times they are watched. These films serve as exemplary works, worthy of admiration and continue to hold a special place in the hearts of audiences. There are many other remarkable films, and I hope filmmakers continue to produce works that resonate with the public and bring value to society. The artistic talents are hoped to be utilized to help the international community gain a deeper understanding of the country and its people, fostering friendship and conveying important messages through art. Additionally, the aim is to use this craft to shape the public's ideas and perspectives, guiding them towards correct concepts in nation-building, and inspiring widespread participation in the nation's progress.

As is widely known, the SAC, in line with the motto **"Moving Forward to the Goal,"** is working towards for the nation's interests and socio-economic development based on democracy and federalism, with a focus on the national interest and all ethnic groups. It is crucial for all citizens to understand and accept that Our Three Main National Causes – non-disintegration of the Union, non-disintegration of the national solidarity; and perpetuation of sovereignty – are the most vital and appropriate national goals and responsibilities, irrespective of the current global situation or the actual circumstances within our country. Today, the government is implementing political, economic, and social policies based on **Our Three Main National Causes.** Therefore, it is essential for all Myanmar citizens to foster a strong sense of Myanmar identity and work collectively towards achieving peace and development for the country, embodying the spirit of **"We are Myanmar"** along with unity and nationalism.

It is important to be careful of the fact that social media and unethical media are working to destroy religion, national culture, and unity, while also distorting the ideas and morals of young people. These are schemes that threaten the country's interests, and they must be reduced and eliminated in order to protect the nation from their harm. Just as films are for the people, I urge film artists to create works of art that will benefit both the country and its people.

At present, the government has been taking measures to boost agriculture and livestock production for food security. As economic development is important for the country, the government has been encouraging MSMEs based on agriculture and livestock breeding. It is necessary to exert efforts to reap gold fruits from land for the prosperity of the country and to boost domestic production. Only when we work hard, will we be able to reap gold fruits from land. Currently, plans are underway to organize the union-level MSME product exhibition and competition commemorating the 78th Anniversary of the Union Day at Tabaung ground in Nay Pyi Taw from 10 to 14 February.

See Page - 20►►

►► From Page - 19



Director U Aung Ko Latt presents the Best Film Music Academy Award to Academy Di Ra Mo.

In doing so, as the cooperation of artists contributes to stability, development and accomplishment of objectives of the country, people in respective fields of arts are urged to cooperate with the government. Emergence of outstanding young artists is welcomed. Youths are for the future of the country.

I will have to reiterate what I say every year. The government has been offering assistance as much as possible for development of literature, films, music and performing arts and will continue to do so.

It is believed that artists who win outstanding awards this year will have inspiration for further success in the film industry and will exert more efforts.

Similarly, artists who do not win outstanding awards this year are urged to exert efforts to win awards in the coming years by enhancing their artistic performance. I would like to especially urge artists to resist the influence of foreign culture to preserve Myanmar culture and tradition, not to allow the influence of modern culture over traditional culture and to serve the interest of the country out of national spirit based on artistic talent by adopting changing modern trends.

Then, Chairman of Myanmar Motion Pictures Organization Winner of Academy Awards U Kyi Soe Tun spoke words of congratulations.

Afterwards, the master of ceremony introduced the youths who help present academy awards and artists danced to the song of Myu Maung Wai Kin in honour of world intangible cultural heritage Myanmar Traditional Thingyan Water Festival.

Then, Union Minister for Information U Maung Maung Ohn announced the winners of lifetime achievement academy awards for 2024.

Afterward, the Senior General and wife presented lifetime achievement academy awards honoured by MMPO and the film industry including artists and technicians to Veteran Actor U Kyi Soe, Academy Winning Director Maung Hnin Moe, Winner of Academy Awards Actress Wah Wah Win Shwe and Winner of Academy Awards Actress Khin Than Nu and posed for documentary photographs with them.

Then, the winners of lifetime achievement academy awards spoke words of thanks.

After that, the awards for the 2024 Film Arts and Film Outstanding Awards were announced. The Best Cinematography Award was won by Kaung Zan for the film "If my lover were a flower", the Best Film Music Award was won by Academy Di Ra Mo for the film "Einmat Karyan", the Best Film Sound Award was won by Aung Myo Myat and Ye Win for the film "Fire", the Best Film Editing Award was won by Arkar Kyaw for the film "Nhaung", the Best Film Screenplay Award was won by Aye Thri Ko for the film "Cloud Painting", the Best Film Award was won by Taurus V Production for the film "If my lover were a flower" and the Myanmar Academy Special Award was won by makeup artist Lon Lon (Linkadipa) for the film "Nhaung".

The outstanding award winners were presented with the Academy Golden Statuettes by renowned Academy-winning artists. The award recipients of expressed their gratitude in their speeches.

Following this, at the 2024 Myanmar Film Outstanding Award Ceremony, the Myanmar Academy Fashion Awards were presented to the artists attending the event. The Best Male Grand Fashion Award was won by multiple Academy award winner Yan Aung, the Best Female Grand Fashion Award was won by Academy Soe Moe Kyi, the Best Male Fashion Award was won by Htet Aung Shine, and the Best Female Fashion Award was won by Nan Su Yati Soe. The awards were presented by multiple Academy Award winner Swe Zin Htaik.

Continuing with the announcement of the 2024 Film Arts and Film Outstanding Awards, the Best Film Director Award was won by "Academy Win Lwin Htet for the film "Einmat Karyan", the Best Supporting Actress Award was won by Chu Lay for the film "Bodaw Kinn", the Best Supporting Actor Award was won by Aye Chan Maung for the film "Fire", the Best Actress Award was won by Academy Wuut Mhon Shwe Yi for the film "Cloud Painting" and the Best Actor Award was won by Nay Toe for the film "Nhaung".

The outstanding award winners were again presented with the Academy Golden Statuettes by Union Minister for Information U Maung Maung Ohn and renowned Academy-winning artists. The recipients expressed their gratitude in their speeches.

During the award ceremony, artists performed songs and dances in rotation.

After that, the Senior General and wife took a commemorative photo with the 2024 Myanmar Film Outstanding Award winners and warmly greeted the attending experts, professionals, and artists from the film, literature, theater, and music industries.

Myanmar film, which began in 1920, has now reached its 105th year. Considering the advancement of Myanmar film, the Film Standard Promotion Committee, which started in 1952, has been selecting and awarding outstanding artists and professionals in the Myanmar film industry. The 2024 Myanmar Film Outstanding Awards Ceremony, held today, marks the 66th time the awards have been presented in the past 73 years.

100

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar at the Credentials Hall of State Administration Council Chairman's Office.

NAY PYI TAW February 9

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar at the Credentials Hall of State Administration Council Chairman's Office here this morning.

Also present with the Senior General were SAC Joint Secretary General Ye Win Oo, SAC member Lt-Gen Yar Pyae, union ministers U Than Swe and U Tin Oo Lwin. The Humanitarian Leader and Peace Envoy of India was accompanied by the delegation members.

During the discussions, the Senior General expressed pleasure to welcome the visit of a prominent person, who is applying multiple means for global peace, to Myanmar. He said the visit of the Humanitarian Leader and Peace Envoy of India is to provide help to the most possible degree for ensuring peace and prosperity in Myanmar. The Senior General also expressed pleasure and honour for holding a meeting with him.



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar exchange gifts.

Afterwards, views on Myanmar's political developments throughout the successive eras from the time the country regained independence till today, ethnic armed conflicts broke out together with independence because of the seeds of distrust sowed by external elements and endeavors for internal peace throughout the successive eras, the country's initiation of democracy road in 2011 and the Tatmadaw's assumption of State duties due to vote rigging in 2020 multiparty general election, occurrence of terrorism through the disturbances broke out due to disagreements, SAC's endeavours for national peace, stability and progress, assistance and involvement of the Humanitarian Leader and Peace Envoy of India for peace in world countries, possible assistance for Myanmar's peace and stability, and ongoing preparations for holding a free and fair multiparty democracy general election in Myanmar were cordially exchanged.

After the meeting, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and Humanitarian Leader and Peace Envoy of India Gurudev Sri Sri Ravi Shankar exchanged commemorative gifts and posed to group documentary photos.

The Senior General showed the Humanitarian Leader and Peace Envoy of India paintings in the Hall of Honor of the State Administration Council Chairman's Office.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့၌ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



မွန်းလွဲပိုင်းတွင် ဧည့်သည်တော်နှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိပုံစံတူ ကျောက်စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံးပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါးမြန်မာ့တွင်းထွက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများကို လိုက်လံ ရှင်းလင်းပြသကြပြီး ငြိမ်းချမ်းရေးသံတမန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်ဝတ္ထုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါမိပတိသာသနဗိမာန်တော်ကြီးနှင့် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်သည်တော်နှင့်အဖွဲ့သည်နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ အလှူငွေများလှူဒါန်းကြကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြသည်။

ညပိုင်းတွင်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား M Gallery Hotel ၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းရာ ဧည့်ခံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)





# ပနားမားနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးလျော့ပါးစေရန် အမေရိကန်၏ကြိုးပမ်းမှုအပေါ် ကန့်ကွက်ဟု တရုတ်ပြော



**ပေကျင်း၊ နိုင်ငံရေး**

ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်ခြင်းဖြင့် ပနားမားနှင့်တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးလျော့ပါးစေရန် အမေရိကန်၏ကြိုးပမ်းမှုအပေါ် တရုတ်နိုင်ငံကအခိုင်အမာ ကန့်ကွက်ကြောင်း တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကျောင်ကျိယွမ်က ပြောသည်။

တရုတ်နှင့် ပနားမားနိုင်ငံတို့၏ဆက်ဆံရေးသည် အခြားမည်သည့်နိုင်ငံကိုမျှ ပစ်မှတ်ထားခြင်းမရှိသောကြောင့် နှစ်နိုင်ငံကြား ဆက်ဆံရေးကို မည်သည့်နိုင်ငံကမျှ ပျက်ပြားအောင် မလုပ်ဆောင်သင့်ကြောင်းနှင့် တရုတ်-ပနားမားနှစ်နိုင်ငံဆက်ဆံရေးကို မှန်ကန်သောလမ်းကြောင်းပေါ်၌ ဆက်လက်ထားရှိခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ရေရှည်အကျိုးစီးပွားအတွက်ဖြစ်ကြောင်း ကျောင်က တရုတ်နိုင်ငံဆိုင်ရာ ပနားမားသံအမတ်မီဂူးလီကာနိုနှင့်ဖေဖော်ဝါရီလ ၈ ရက်က တွေ့ဆုံစဉ်ပြောကြားခြင်းဖြစ်သည်။

ပနားမားနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI) မှတရားဝင်နုတ်ထွက်ကြောင်း ပနားမားသမ္မတ ဟိုဆေးရာအူးမူလီနိုက ဖေဖော်ဝါရီလ ၇ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် BRI စီမံကိန်းမှ ပနားမား နုတ်ထွက်ရခြင်းသည် နိုင်ငံအတွင်းသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မားကိုရူဘီယို၏ ခရီးစဉ်နှင့် သက်ဆိုင်မှုမရှိဟု ၎င်းက ငြင်းဆိုထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ပနားမားတူးမြောင်းကို ပနားမားနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သော်လည်း ယင်းတူးမြောင်းကို တရုတ်နိုင်ငံကလည်းပတ်လျက်ရှိသောကြောင့် အဆိုပါ တူးမြောင်းအား အမေရိကန်၏ထိန်းချုပ်မှုအောက် ပြန်လည်ရောက်ရှိစေရန်အလိုရှိသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်အစိုးရ၏ အဆိုပါပြောဆိုစွပ်စွဲချက်နှင့်ပနားမားတူးမြောင်းကို အမေရိကန်က ပိုင်ဆိုင်သင့်သည်ဟူသော ထရမ့်၏ပြောဆိုမှုကို ပနားမားသမ္မတက ငြင်းဆိုခဲ့ကြောင်းသိရသည်။

**Ref: Sputnik**

## နိုင်ငံတကာသတင်းတိုကဏ္ဍ

### ရုရှားနိုင်ငံအား မဟာဗျူဟာအရ အနိုင်တိုက်ခိုက်နိုင်ခြင်းမရှိသည့် ယူကရိန်းပဋိပက္ခအား အချိန်ကြာမြင့်စေရန် အနောက်နိုင်ငံများက ဆွဲဆန့်နေဟု ကင်ဂျုံအွန်ပြော

အနောက်နိုင်ငံများသည်ရုရှားနိုင်ငံအား မဟာဗျူဟာအရ အနိုင်တိုက်ခိုက်နိုင်ခြင်းမရှိသည့် ယူကရိန်းပဋိပက္ခအား အချိန်ကြာမြင့်စေရန် ဆွဲဆန့်လျက်ရှိသည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်၏ ပြောကြားချက်ကို ကိုးကား၍ KCNA သတင်းအေဂျင်စီက ဖော်ပြသည်။

အမေရိကန်နှင့်အနောက်နိုင်ငံတို့သည် ဗဟုဝင်ရိုးလွှမ်းမိုးမှု တည်ဆောက်နိုင်ရေးကြိုးပမ်းမှုများကြောင့် အမှန်ကို မမြင်နိုင်ခြင်းဖြစ်ပြီး ယူကရိန်းပဋိပက္ခကို ရည်ရွယ်ချက်ရှိစွာဖြင့် ဆွဲဆန့်နေခြင်းဖြစ်ကြောင်း ခေါင်းဆောင်ကင်က (၇၇) ကြိမ်မြောက် ကိုရီးယားပြည်သူ့တပ်မတော်နှစ်ပတ်လည် အခမ်းအနားတွင် ပြောခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာတရားမျှတမှုရှိရေး ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လုံခြုံရေးနှင့် တည်ငြိမ်မှုကိုပျက်ပြားစေသည့် မည်သည့်လုပ်ဆောင်မှုမျိုးကိုမဆို ကန့်ကွက်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**Ref: Tass**

### မာလီနိုင်ငံမြောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုအတွင်း အနည်းဆုံး လူ ၂၅ ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရ

မာလီနိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအတွင်း အနည်းဆုံး လူ ၂၅ ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မာလီအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

အဆိုပါတိုက်ခိုက်မှုသည် ဂါအိုမြို့အနီးတွင် ပြီးခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး အရပ်သားများအား အစောင့်အရှောက်အဖြစ်လိုက်ပါပေးသည့် ယာဉ်တန်းတစ်ခုကို အကြမ်းဖက်သမားများက ချုံခိုတိုက်ခိုက်ခြင်းဖြစ်ကြောင်း မာလီတပ်မတော်မှ ဖေဖော်ဝါရီလ ၈ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

**Ref: Xinhua**

# လျှပ်စစ်ဓာတ်အားခွဲစက်ရုံအတွင်းသို့ မျောက်တစ်ကောင်ဝင်ရောက်လာမှုကြောင့် သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်

**ကိုလံဘို၊ ပြည်တွင်းရေး**

သီရိလင်္ကာနိုင်ငံတွင် ဖေဖော်ဝါရီလ ၉ ရက်က လျှပ်စစ်ဓာတ်အားခွဲစက်ရုံတစ်ခုအတွင်းသို့ မျောက်တစ်ကောင် ကျူးကျော်ဝင်ရောက်လာမှုကြောင့် နိုင်ငံတစ်ဝန်းတွင် လျှပ်စစ်မီးများပြတ်တောက်သွားခဲ့ရကြောင်း အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ပြောသည်။

အဆိုပါမျောက်သည် မြို့တော်ကိုလံဘိုတောင်ပိုင်းဆင်ခြေဖုံးဒေသရှိ စက်ရုံအတွင်းသို့ဝင်ရောက်လာပြီးနောက် ဓာတ်အားပေးကွန်ရက်စနစ်ရှိ ထရန်စဖော်မာတစ်လုံးအား ထိတွေ့ကိုင်တွယ်ခဲ့ရာမှ ဓာတ်အားပေးစနစ်တွင် တစ်ဖက်စောင်းနင်းဖြစ်ပြီး ဒေသစံတော်ချိန် ၁၁ နာရီ ၃၀ မိနစ်ခန့်တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခြင်းဖြစ်ကြောင်း လျှပ်စစ်ဝန်ကြီး ကုမာရဂျာယာကိုဒီက သတင်းထောက်များကို ပြောသည်။

ယင်းနောက် လျှပ်စစ်အင်ဂျင်နီယာများက လျှပ်စစ်ဓာတ်အားပေးစနစ် ပြန်လည် ကောင်းမွန်လာစေရန် ကြိုးပမ်းခဲ့ပြီးနောက်တစ်နာရီခန့်အကြာတွင်ဆေးရုံနှင့် အခြားအရေးကြီးအဆောက်အအုံများသို့ လျှပ်စစ်ဓာတ်အားပြန်လည်ပေးနိုင်ခဲ့ပြီး သုံးနာရီအကြာတွင် အပြည့်အဝ ပြန်လည်ပေးနိုင်ခဲ့ကြောင်းသိရသည်။

လက်ရှိတွင် လျှပ်စစ်မီးကို နိုင်ငံအတွင်းရှိအချို့ဒေသများသို့ပြန်လည်ပေးနိုင်ခဲ့သော်လည်း အချို့နေရာများတွင် လျှပ်စစ်ဓာတ်အားသည် အချိန်မည်မျှကြာ ပြတ်တောက်လျက်ရှိသည်ကို အတိအကျ မသိရသေးပေ။

**Ref: ST**



# ထရမ့်၏ကုန်သွယ်ရေးစစ်ပွဲမှ ထွက်ပေါ်လာနိုင်သည့် အကျိုးဆက်များအပေါ် စိုးရိမ်မှုကြောင့် အင်္ဂလန်ဘဏ်ရှိ ရွှေချောင်းထောင်ပေါင်းများစွာကို ပြန်လည်ထုတ်ယူခဲ့ဟုဆို



**လန်ဒန်၊ စီးပွားရေး**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ကုန်သွယ်ရေးစစ်ပွဲမှ ထွက်ပေါ်လာနိုင်သည့် အကျိုးဆက်များအပေါ် စိုးရိမ်မှုကြောင့် ၂၀၂၄ ခုနှစ် အကုန်ပိုင်းမှစ၍ အင်္ဂလန်ဘဏ်မှ ရွှေချောင်းထောင်ပေါင်းများစွာကို ပြန်လည်ထုတ်ယူခဲ့ကြကြောင်း နာမည်ကြီး Telegraph သတင်းစာကြီးက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်ဈေးကွက်ရှိ ရွှေဈေးသည် လန်ဒန်မြို့ရှိ ငွေသားဈေးကွက်ထက် ဈေးနှုန်းမြင့်တက်လာပြီးနောက် နိုင်ငံအတွင်းရှိ ကုန်သည်အများအပြားက ရွှေချောင်းများ ပြန်လည်ထုတ်ယူရန် တောင်းဆိုလာခဲ့သည်ဟု အင်္ဂလန်ဘဏ်မှ လက်ထောက်အုပ်ချုပ်ရေးမှူး ဒေ့ရမ်စဒန်က ပြောကြားခဲ့ကြောင်း Telegraph သတင်းစာကြီးက ဖေဖော်ဝါရီလ၈ ရက်တွင် ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစ၍ အင်္ဂလန်ဘဏ်မှပြန်လည်ထုတ်ယူခဲ့သည့် ရွှေချောင်းများမှာ ၈၀၀၀ ခန့်ရှိပြီး ယင်းပမာဏသည် ဘဏ်အတွင်းရှိ ရွှေချောင်းစုစုပေါင်း၏ ၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမေရိကန်အစိုးရ၏ ကုန်သွယ်ရေးစစ်ပွဲဆင်နွှဲမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထရမ့်က ရွှေချောင်းများအပေါ် အခွန်သစ်များတိုးမြှင့်ကောက်ခံမည်ကို ဗြိတိန်ရှိ ကုန်သည်များကစိုးရိမ်ခဲ့ခြင်းဖြစ်ကြောင်း ဒေ့ရမ်စဒန်က ဆက်လက်ပြောကြားခဲ့ကြောင်းသိရသည်။

**Ref: Izvestia**

# ပြင်ဦးလွင်ဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့ဝင်များကို ပြင်ဦးလွင်မြို့ ရွှေစံအိမ် ဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များတွေ့ကြုံနေရသည့်အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက-ဒေသခံပြည်သူ (public–private–people) မဏ္ဍိုင်(၃)ရပ် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များက ၎င်းတို့၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွှေစံအိမ်ဟိုတယ်ရှိ Governor's House သို့ သွားရောက်ကာ ခရီးသွားဧည့်သည်များ လာရောက်တည်းခိုနေထိုင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်ရုံးခွဲသို့သွားရောက်ကာ ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း အမှုထမ်းများအား တွေ့ဆုံမှာကြားပြီး ခရီးသွားဧည့်သည်များ ခရီးသွားဆွဲဆောင်ရာ နေရာများနှင့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို အဆင်ပြေလွယ်ကူချောမွေ့စွာ ရရှိနိုင်ရန်အတွက် ပြင်ဦးလွင်ရုံးခွဲတွင်ဖွင့်လှစ်ထားသည့် သတင်းအချက်အလက်ပြန်ကြားရေးကောင်တာ (Information Counter)အား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# သာစည်မြို့နှင့် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၅ ရက် ည ၉ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံ ကျေးရွာအနီးတွင် SCANIA အမျိုးအစား EXPRESS ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မလှလှရီ၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် သိန်း ၄၅၀) ကိုလည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၈ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရွှေပင်ရပ်ကွက်ရှိ ရဲထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၂၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၁၂၈ ဒသမ ၄ သိန်း) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ရဲထွန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကွမ်းခြံကုန်း၊ တွံတေးနှင့် ဒလမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မြို့တော်ဝန် ဦးဗိုလ်ဌေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ခဲ့သော ကွမ်းခြံကုန်းမြို့နယ် မြို့မရပ်ကွက် ပဒုမ္မာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ပဒုမ္မာလမ်း ကွန်ကရစ်လမ်းသစ်အား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုကြသည်။ ပဒုမ္မာလမ်းသည် ယခင်ကမြေသားလမ်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကျယ် ၁၀ ပေ၊ ထု ၆ လက်မ ကွန်ကရစ်အဖြစ်ဆောင်ရွက်ပေးခဲ့ကာ ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လမ်းအရှည် ၁၃၆၀ ပေ၊ အကျယ် ၁၆ ပေ၊ ထု ၉ လက်မဖြင့် အဆင့်မြှင့်တင်၍ ရဟန်းရှင်လူပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း အရိပ်ရပင်များ၊ ပန်းအလှပင်များနှင့် သီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် တော်ပုလွဲရပ်ကွက် စုပေါင်းရုံးလမ်းရှိ တော်ပုလွဲသောက်သုံးရေကန် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ကွမ်းခြံကုန်းမြို့နယ် အောင်ဆန်းသူရိယလှသောင်းအားကစားကွင်း သန့်ရှင်းသာယာသပ်ရပ်ရေး ကြည့်ရှုစစ်ဆေးပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ ပိုက်ကျော်ခြင်းအားကစားယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင်အသင်းများ ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီး တွံတေးမွေးမြူရေးဇုန်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ဒလမြို့နယ် ဒလ-တွံတေးလမ်း၊ ဗိုလ်တေဇလမ်းနှင့် ရန်ကုန်-ဒလ တံတားချဉ်းကပ်လမ်း၊ နာရီစင်လမ်းဆုံနေရာသန့်ရှင်းသာယာလှပရေးနှင့် လမ်းသားအဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ဒလကူးတို့ဆိပ်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

ဝန်းရံခ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Tun Tun Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်နေ ထွန်းထွန်းဝင်း(ခ)စာဂဲလ်ကူးမားအား နံနက် ၉ နာရီ ၂၀ မိနစ်တွင် အောင်မြေသာစံမြို့နယ်၊ အမှတ်(၅) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲအကြို ထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



ကျွန်းစု ဖေဖော်ဝါရီ ၉

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့တွင် တည်ထားပူဇော်သော ငြိမ်းအေးချမ်းသာ ရန်ပြေမာန်အောင်စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲအကြို ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၈ ရက်ညနေပိုင်းက မြို့ပေါ် အမှတ်(၃)ရပ်ကွက်ရှိ အေးငြိမ်းသုခမမ္မရိပ်သာကျောင်းတိုက်၌စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲတွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ ရတနာတက္ကစီ၊ မရမ်းချောင်းနှင့်တီးပူအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ထိုးကြရာ ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြပြီး အမှတ်ပေးဒိုင်အဖွဲ့က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများဖြစ်သော ကြိုတင်ပြင်ဆင်မှု၊ စည်းကမ်းလိုက်နာမှု၊ စည်းလုံးညီညွတ်မှု၊ နည်းစနစ်မှန်ကန်မှုနှင့် သန့်ရှင်းသပ်ရပ်မှုတို့ကို စိစစ်အမှတ်ပေးကြရာ ပထမဆု နှစ်သိန်းကျပ်၊ ဒုတိယဆု တစ်သိန်းခွဲကျပ်၊ တတိယဆု တစ်သိန်းကျပ်တို့ကို အေးငြိမ်းသုခမမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဦးဉာဏိန္ဒက ပေးအပ်သည်။

အဆိုပါထမနဲထိုးပြိုင်ပွဲကို မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများမှ စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းကျင်းပခြင်းဖြစ်ပြီး ထမနဲများကို ဆရာတော်နှင့်သံဃာတော်များအား ဆက်ကပ်၍ ဧည့်ပရိသတ်များအား ထမနဲစတုဒိသာများကျွေးမွေးလှူဒါန်းသည်။

မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီလ ၇ ရက်မှစတင်ကာ သုံးရက်တိုင်တိုင်ရွတ်ဖတ်ပူဇော်လျက်ရှိရာ ဖေဖော်ဝါရီလ ၉ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်မင်္ဂလာနှင့် သံဃာတော်အရှင်သူမြတ်တို့အား စာရေးတံမဲ စသောလှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေကာ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# ပွင့်ဖြူမြို့နယ်၌ ရာသီစာသရက်သီးကင်းများ ပေါ်ဦးပေါ်စဆွတ်ခူးရောင်းချသူများ အဆင်ပြေလျက်ရှိ

ပွင့်ဖြူ ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ အပိုဝင်ငွေတိုးပွားစေရန် စိုက်ပျိုးထားရှိသည့် သရက်ပင်များမှအပွင့်များ လှိုင်လှိုင်ပွင့်ဖူး၍ သရက်သီးကင်းများ စတင်ထွက်ရှိချိန်၌ ဆွတ်ခူးရောင်းချရာ ဈေးကောင်းရရှိ၍ တောင်သူများ အဆင်ပြေလျက်ရှိသည်။

"ဒီအချိန်က ကျွန်တော်တို့ဒေသမှာ တောင်သူတွေ မိသားစုအပိုဝင်ငွေတိုးပွားစေရန်အတွက် စိုက်ပျိုးထားတဲ့သရက်ပင်တွေက အသီးအကင်းများ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ခုလိုသရက်သီးကင်းများ ထွက်ရှိချိန်မှာ ပေါ်ဦးပေါ်ဖျား ရာသီစာအဖြစ် သရက်သီးကင်းများ ရောင်းချရတဲ့သူတွေဈေးကောင်းရရှိကြတယ်။ သရက်သီးကင်းများ ပေါ်ဦးပေါ်စဆိုတော့ ဝယ်ယူစားသုံးမှုများပြီး ရောင်းအားလည်းကောင်းပါတယ်။ သရက်သီးနံ့က နှစ်ရှည်သီးနှံဆိုတော့ စိုက်ပျိုးစရိတ်အတွက် ကုန်ကျမှုလည်း သက်သာပါတယ်။ သရက်စိုက်ပျိုးရေးလုပ်ငန်းက ယခုလို သရက်သီးကင်းပေါ်ချိန်မှာ ရာသီစာအဖြစ်ရောင်းချရသလို သရက်သီးမှည့်ရာသီမှာဆိုရင်လည်း သရက်သီးမှည့်အဖြစ်ရောင်းချရလို့ နှစ်သီးစားဝင်ငွေရပါတယ်။ အချို့တောင်သူတွေဆိုရင် သရက်ချဉ်အဖြစ် သိုလှောင်ထားရှိပြီး ဈေးကောင်းရရှိတဲ့အချိန် ထုတ်လုပ်ရောင်းချခြင်းဖြင့်လည်း ဝင်ငွေရစေပါတယ်"ဟု ပွင့်ဖြူမြို့နယ် ပိန္နဲတောကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် သရက်ခြံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာ၌ ဒေသနှင့်ကိုက်ညီသည့် သရက်မျိုးများကိုသာ ရွေးချယ်စိုက်ပျိုးကြကြောင်း၊ အဓိကစိုက်ပျိုးသည့်သရက်မျိုးများမှာ ဈေးကွက်ရှိသည့် စိန်တစ်လုံးသရက်မျိုးများကို စိုက်ပျိုးကြကြောင်း၊ အချို့တောင်သူများက စိန်တစ်လုံးသရက်မျိုးအပြင် ရွှေဟင်္သာ၊ ပတ္တမြားငမောက်နှင့် ရင်ကွဲသရက်မျိုးများကိုလည်း စိုက်ပျိုးကြကြောင်း၊ သရက်စိုက်ပျိုးတောင်သူများ မိသားစုဝင်ငွေတိုးပွားပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကံမ ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ ပဇင်းနိမ့်ကျေးရွာနှင့်တောင်တီးကျေးရွာတို့၌ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကိုတာဝန်ရှိသူများက ဖေဖော်ဝါရီလ ၉ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက ပဇင်းနိမ့်ကျေးရွာနှင့် တောင်တီးကျေးရွာတို့ရှိ သမဝါယမအသင်းသူ၊ အသင်းသားများနှင့်အတူ ကြက်မွေးမြူရေးလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိက မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒုတိယဦးစီးမှူးက သမဝါယမအသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

အိပိုးပိုး

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဌာနချုပ်ရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊
၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ / ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

Myanmar MOBILE MONEY



အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ

မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက်မရော - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ





➢ ပါရမီ(YBS)
09-459448201

➢ ရွှေမန်းသူ
09-254781060







➢ မန္တလေးအခြေစိုက်
09-426500153

➢ တော်ဝင်
09-423333250

➢ ပါရမီတက္ကစီ
01-3643641

➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

CARD SERVICES

- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

လိုငွေ ကူညီ မြဝတီ

MPU UnionPay

Phone No : (01) 2301367, 2301368, 2301452, 2301378

# လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ပုစွန်ပိသာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇန်နဝါရီလအတွင်း ပုစွန်ပိသာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိအိဖြိုး၏ ပြောကြားချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ပုစွန်ပိသာ ၅၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ ပုစွန်ပိသာ ၇၃၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ပုစွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ပုစွန်ပိသာ ၇၃၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်က ဝယ်လိုအားကောင်းနေတာကြောင့် တင်ပို့အားကောင်းခဲ့တာပါ။ တစ်လအတွင်း ပုစွန်အပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်စျေးကွက်ကို ကုန်ချိန်များများတင်ပို့ရောင်းချခဲ့ရတာကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်" ဟု ဒေါ်အိအိဖြိုးကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့တင်ပို့ရောင်းချခဲ့သည့် ပုစွန်များတွင် ပုစွန်ဘော့ချိတ်၊ ပုစွန်ဆိတ်သေး၊ ပုစွန်ဆိတ်ကြီး၊ ပုစွန်တုပ်ကြီး စသည်ဖြင့် အရွယ်အစားပေါ်မူတည်ပြီး စျေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

မွေးမြူရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ နေ့စဉ် အသား၊ ငါးနှင့် ဥအမျိုးမျိုး လိုအပ်ချက်ကို ဖူလုံပြည့်မီအောင် ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်ခြင်းမှတစ်ဆင့် တခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ပိုမိုတိုးတက်အောင်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**









**ပျောက်ဆုံးကြောင်း**
ကိုနေတိုး(ဘ)ဦးခင်မောင်ကြည် ၇/ပခန(နိုင်)၄၆၈၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 740578)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၆၄၈၆၁၃

**ပျောက်ဆုံးကြောင်း**
မောင်ရေခဲ(ဘ)မန်းချယ်လီ ၁၄/မမန(နိုင်)၁၁၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၂၀၀၀၇

**ပျောက်ဆုံးကြောင်း**
မဖူးဖူးထွန်းကို(ဘ)ဦးထွန်းလွင်(ခ)ထွန်းကို ၁၀/လမန(နိုင်)၀၁၁၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မစိုးမြတ်မွန်(ဘ)ဦးပန်းရီ ၁၀/ရမန(နိုင်)၂၁၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
ဦးဇော်မိုးနိုင်(ဘ)ဦးသိန်းလွင် ၁၀/ခဆန(နိုင်)၀၆၁၆၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မလဲ့လဲ့ခိုင်(ဘ)ဦးဘမောင် ၁၀/သထန(နိုင်)၁၂၆၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
ဒေါ်ဖွေးပွင့်ဖြူ(ဘ)ဦးခင်မောင်ထွေး ၁၀/ကထန(နိုင်)၁၂၇၀၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
နမ့်ခမ်းမြို့၊ အောင်မေတ္တာရပ်နေ မတင့်တင့်ထွန်း(ဘ)ဦးရှိလင် ၁၃/နခန(နိုင်)၁၀၁၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 009933)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၁၇၆၅၃၂၀

**ပျောက်ဆုံးကြောင်း**
ခင်ငွေး(ဘ)ဦးထွန်းခင် ၁၂/ဒဂမ(နိုင်)၀၂၉၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 735563)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
အောင်ကိုမင်း(ဘ)ဦးသောင်းထိုက် ၈/ပမန(နိုင်)၁၂၈၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 871081)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၁၁၉၀၀၀၇

**ပျောက်ဆုံးကြောင်း**
ဇင်မာဝင်း(ဘ)ဦးကျော်ဘီချေး ၁၁/ကဖန(နိုင်)၀၆၇၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိအိမွန်(ဘ)ဦးသန်းဇော် ၈/အလန(နိုင်)၁၉၆၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 421387)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မေသန္တာလှိုင်(ဘ)ဦးဝင်းဆွေ ၈/ဂဂန(နိုင်)၀၉၃၈၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 097598)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မျိုးမင်းဆိုင်(ဘ)ဦးအုန်းဆိုင် ၁၄/အမန(နိုင်)၀၁၄၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇူးဇူးစံ(ဘ)ဦးဘသန်း ၅/ဖပန(နိုင်)၁၀၀၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 035953)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လားရိုလှူးအီး(ဘ)ဦးရဲမ်လားလာ ၅/တမန(နိုင်)၀၈၁၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခန့်ဒီသာဘစိန်(ဘ)ဦးဇာလီဘစိန် ၁၂/ကမတ(နိုင်)၀၉၅၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 327412)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဟိန်းအောင်(ဘ)ဦးမြင့်နိုင် ၁၁/ရသတ(နိုင်)၀၅၇၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 721583)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အင်းယင်းရွာနေ မောင်ဇင်မျိုး(ဘ)ဦးစံအောင် ၉/ဝတန(နိုင်)၁၈၁၃၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၆၉၀၈၆၀၅

**ပျောက်ဆုံးကြောင်း**
ရွှေပြည်သာမြို့နယ်၊ ၁၅/၄၁/၂/၁၇၀၂(ခ)နေ အောင်ကိုဝင်း(ဘ)ဦးဝင်းတင် ၁၄/ဘကလ(နိုင်)၂၂၁၈၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၉၀၄၅၆၈

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့နေ မအိအိဖြိုး(ဘ)ဦးစိန်အောင် ၇/ပခန(နိုင်)၃၆၈၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ မောင်ညီမင်း(ဘ)ဦးသန်းဦး ၇/ပခန(နိုင်)၂၉၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**
ဒိုက်ဦးမြို့၊ ကတုတ်ရွာမနေ မိုးမိုးသိမ့်(ဘ)ဦးမြင့်အောင် ၇/ဒဥန(နိုင်)၁၆၁၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ပွင့်ဖြူမြို့နယ်၌ စာမေးပွဲဖြေဆိုကျင်းပမည့် အခြေခံပညာကျောင်းများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



**ပွင့်ဖြူ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စာမေးပွဲဖြေဆိုကျင်းပမည့် အခြေခံပညာ ကျောင်းများ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီလ ၉ ရက်တွင် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း အဖွဲ့က အခြေခံပညာအထက်တန်း ကျောင်းများသို့ သွားရောက်ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ စာမေးပွဲဖြေဆိုကျင်းပမည့် အခြေခံပညာကျောင်းများသို့ သွားရောက်ပြီး ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က စာမေးပွဲဖြေဆိုကျင်းပမည့် အခြေခံပညာကျောင်းများကို မီးဘေးအန္တရာယ်ကင်းဝေးစေရန် စာသင်ဆောင်များ၊ စာဖြေခန်းများနှင့် ကျောင်းပတ်ဝန်းကျင်မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးအကြံပြုခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့်ပတ်သက်၍ မီးဘေးလုံခြုံစိတ်ချရမှုရှိ၊ မရှိ၊ မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် ရေသိုလှောင်ထားရှိမှုနှင့် ပြင်ပမှ မီးကူးစက်ပြန့်ပွားမှုမရှိစေရေး သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အင်းစိန်မြို့နယ်၌ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၈ ရက်က အင်းစိန်မြို့နယ်ရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရားဝင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးတင်မောင်ဝင်းက လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ဆိုးကျိုးများနှင့် ဖြစ်ပေါ်လာနိုင်သောရောဂါများ၊ လူသားများနှင့်ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သိကောင်းစရာများကိုဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးရံ့ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးရံ့ခြောက်များ ဝယ်လိုအားများပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေသန်း၏ ပြောဆိုချက်အရ သိရသည်။


မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ပတ်လျှင် ငါးရံ့ခြောက်ပိဿာ ၅၀၀ မှ ၂၅၀၀ အထိ အရောင်းအဝယ်ကောင်းမွန်ကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ကောင်းမွန်နေတဲ့ ဒေသထွက်ငါးရံ့ခြောက်တွေက လတ်တလောပြုလုပ်ထားတဲ့ ငါးရံ့ခြောက်တွေပါ။ ရန်ကုန်ဈေးကွက်က အများဆုံးမှာယူနေတာပါ" ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေသန်းကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးရံ့ခြောက် အချိုခြောက်နှင့် ဆားလတ်ခြောက်ဟူ၍ နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိပြီး အရွယ်အစားအလိုက် ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

အဆိုပါငါးရံ့ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ငါးခြောက်ဈေးကွက်အတွင်း ဈေးနှုန်းများ အထိုက်အလျောက်တည်ငြိမ်ကျဆင်းလာစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**




# ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီလ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ထောက်ရှာပင်ကျေးရွာ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၂ ဒသမ ၉ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီးပွားရေးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**

# တပို့တွဲလရာသီနှင့် ဆေးဖက်ဝင်ပေါက်ပန်း

### နှာရည်ယို့ရွဲ တပို့တွဲ

တပို့တွဲလသည် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလအတွင်းကျရောက်ပြီး ဆောင်းရာသီနောက်ပိုင်းချိန်ဖြစ်သည်။ ထန်းဖူး၊ ထန်းခိုင်တို့ တွဲညွတ်သောရာသီဖြစ်၍ တပို့တွဲလဟုခေါ်ခြင်းဖြစ်သည်။ တပိုဝ်သည် ထန်းဖူးကိုဆိုလိုပြီး တွဲသည်၊ အသီးခိုင်တွဲလောင်းကျသည်ကိုရည်ညွှန်းသည်။ တပို့တွဲလတွင် ထန်းဖူးများကို အောက်ရောက်အောင်ဆွဲချပြီး ထန်းရည်ခံသည့်လဖြစ်၍ ထိုလ၌ ထန်းတောင်သူများ ထန်းလျက်ချက်ကာ အလုပ်များသောလဖြစ်သည်။

တပို့တွဲလ၏ အထိမ်းအမှတ်ပန်းများမှာ ပေါက်ပန်း၊ လဲပွင့်၊ လက်ပံပွင့်တို့ဖြစ်ကြသည်။ တပို့တွဲလတွင် ထမင်းနဲပွဲကျင်းပကြသည်။ ကောက်ညှင်းစပါးသစ်ပေါ်ချိန်တွင် ထမင်းနဲထိုး၍ ကျွေးမွေးလှူဒါန်းလေ့ရှိကြသည်။

ဆီးနှင်းကျသောရာသီဖြစ်၍ ချမ်းအေးသည်။ တပို့တွဲလသည် လဆန်းပိုင်းတွင် အအေးပိုသော်လည်း လပြည့်ကျော်သည်နှင့် အအေးပေ့ါကာ နွေဦးပေါက်လာသည်။ ဆယ့်နှစ်လရာသီရှိသည့်အနက် ရှေးယခင်က မြန်မာနိုင်ငံ၏ အေးသောလကို တပို့တွဲလအဖြစ် သတ်မှတ်ခဲ့ပြီး အချမ်းအေးဆုံးအချိန်ကို တပို့တွဲလပြည့်နေ့မတိုင်မီ လေးရက်အလိုနှင့် တပို့တွဲလပြည့်ပြီးနောက် လေးရက်အထိ သတ်မှတ်ခဲ့ကြသည်။ တပို့တွဲလသည် အချမ်းပိုသောလဖြစ်၍ နှာရည်ယို့ရွဲ တပို့တွဲဟုလည်း ဆိုကြသည်။

### တပို့တွဲလပြည့် မြန်မာ့သနပ်ခါးနေ့

သနပ်ခါးစိုက်ပျိုးသော မြန်မာနိုင်ငံအထက်ပိုင်းဒေသများဖြစ်သည့် အရာတော်၊ ရေစကြို၊ မြိုင်၊ ရွှေဘိုနှင့်ပေါက်မြို့တို့၌ တပို့တွဲလပြည့်နေ့ညတွင် မြို့နယ်များအလိုက် ဘုရားစေတီများ၌ သနပ်ခါးမီးပူဇော်ခြင်းနှင့်အတူ ထမနဲစတုဒိသာပွဲများပြုလုပ်လေ့ရှိကြသည်။ ဖော်ပြပါ သနပ်ခါးစိုက်ပျိုးသောဒေသများအနက် အရာတော်၊ ရေစကြို၊ မြိုင်၊ ရွှေဘိုမြို့တို့တွင် သနပ်ခါးမီးပူဇော်ပွဲကို ၂၀၁၉ ခုနှစ် တပို့တွဲလပြည့်နေ့က စတင်ကျင်းပနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်က ပေါက်မြို့၌ ထမနဲပွဲနှင့်အတူ ကျင်းပခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်မှစ၍ နိုင်ငံတော်က တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်လိုက်သည်။

### ပေါက်ပန်းအကြောင်း သိကောင်းစရာ

ဆယ့်နှစ်လရာသီပန်းများတွင် ပေါက်ပန်းသည် တပို့တွဲလ၏ပန်းအဖြစ် မှတ်တမ်းတင်ထားသည်။ ရာသီမသိ ပန်းနှင့်ညှိဟူသော ဆိုရိုးစကားနှင့်အညီ နှာရည်ယို့ရွဲ တပို့တွဲကာလ၌ ပေါက်ပင်တစ်ပင်လုံး ပန်းများဝေနေအောင်ပွင့်ကြသည်။ ပေါက်ပန်းများသည် ကြက်တူရွေးနှုတ်သီးသဏ္ဌာန်ကွေးနေကာ လိမ္မော်နီရောင်ဖြစ်သည်။ ရနံ့မမွှေးသော်လည်း အပွင့်အလွန်လှသည်။ လိမ္မော်ရောင်နီကြန့်ကြန့်ပန်းများ ပင်လုံးကျွတ်ဝေဆာနေသဖြင့် အဝေးမှကြည့်လျှင် မီးတောက်များသဖွယ် အမြင်ဆန်းကြယ်နေသည်။ ထို့ကြောင့် ရောမလူမျိုးများက ပေါက်ပင်ကို Flame of the Forest (သစ်တောမီးတောက်ပင်) ဟု အင်္ဂလိပ်အမည်မှည့်ခေါ်ကြဟန်တူသည်။ မြန်မာနိုင်ငံ၏ အထက်အညာဒေသများ၌ အဖြူရောင်ပေါက်ပန်းမျိုးကိုလည်း တွေ့ရတတ်သည်။

### အရသာရှိသောပေါက်ပန်း

သဘာဝအလျောက်ပေါက်ရောက်သော်လည်း တချို့ကဟင်းလျာအဖြစ်စားသုံးရန် ပေါက်ပင်ကို အိမ်ခြံဝင်းအတွင်း စိုက်ပျိုးကြသည်။ အပွင့်၏အရသာမှာ မဆိုသလောက်ခါး၍ ဆိမ့်သက်သဖြင့် ခံတွင်းရှင်းသည်။ အပွင့်ကို ကြော်စား၊ ချက်စား၊ ဟင်းချိုချက်စား၊ ပြုတ်ပြီးသုပ်စားစသည်ဖြင့် ဟင်းလျာမျိုးစုံ ပြုလုပ်စားသုံးနိုင်သည်။ အရွက်ကိုပြုတ်၍ အတို့အမြုပ်စားနိုင်သလို အရွက်ကြော်အဖြစ်တစ်မျိုး၊ ဟင်းချိုချက်၍ တစ်ဖုံစားသုံးနိုင်သည်။

### ပေါက်ပင်၏ပုံသဏ္ဌာန်

ပေါက်ပင်သည် ပိတောက်မျိုးရင်းဝင်ဖြစ်သည်။ တောင်တန်းဒေသများမှအပ မြန်မာနိုင်ငံမြေပြန့်ဒေသရှိ ချောင်း၊ မြောင်း၊ အင်း၊ အိုင်နံဘေးများတွင် သဘာဝအလျောက်ပေါက်ရောက်လေ့ရှိသည်။ ပင်စည်ဖြောင့်မတ်သော ရွက်ကြွေပင်ကြီးမျိုးဖြစ်၍ ပေ ၅၀ မှ ပေ ၈၀ အထိ မြင့်မားသည်။ ပင်စည်တွင် အဆစ်များပါရှိပြီး အကိုင်းအခက်ကောက်ကွေး၍ထွက်သည်။ အညွန့်နှင့်အရွက်တို့တွင် ကတ္တီပါကဲ့သို့ နူးညံ့သောအမွေးများရှိသည်။ အခေါက်မှ အနီရောင်အစေးများထွက်ရှိသည်။ အရွက်မှာ သုံးရွက်မြွှာပေါင်းဖြစ်သည်။ ရွက်မြွှာများမှာ ထိပ်ဝိုင်း၍ အရင်းကျယ်သည်။ အရွက်၏ အပေါ်ယံမျက်နှာပြင်သည် သားရေကဲ့သို့ပြောင်ချောသော်လည်း အောက်မျက်နှာပြင်တွင် အမွေးနုလေးများရှိသည်။ ရွက်ကြောထင်ရှား၍ ရွက်နားညီသည်။ တန်ခူးလ၊ ကဆုန်လတို့တွင် အသီးသီးလေ့ရှိသည်။ အသီးတောင့်သည် ၆ လက်မမှ ၈ လက်မအထိရှည်ပြီး အနံမှာ ၂ လက်မခန့်ရှိသည်။ အသီးတောင့်၏အပေါ်ပိုင်းတွင် အစေ့တစ်စေ့သာပါရှိပြီး ယင်းအစေ့တွင် ရှည်လျားသော အတောင်ပါရှိနေခြင်းက ပေါက်ပင်၏ထူးခြားမှုတစ်မျိုးဖြစ်သည်။ ပန်းခိုင်တစ်ခိုင်လျှင် နှစ်ပွင့်မှ လေးပွင့်အထိပွင့်သည်။

### ဆေးဖက်ဝင် ပေါက်ပန်း

အစေး၊ အပွင့်၊ အစေ့၊ အသီး၊ အရွက်၊ အခေါက်၊ ဥ စသည့် အစိတ်အပိုင်းအားလုံးဆေးဖက်ဝင်သည်။ မြန်မာ့ဆေးကျမ်းများအဆိုအရ ပေါက်ပင်သည် ဖန်၊ ခါး၊ စပ်အရသာရှိသည်။ ပူသည်၊ ဝမ်းမီးကိုတောက်စေသည်၊ ကျိုးသောအရိုးကိုဆက်စေသည်၊ ဆီးရွှင်စေသည်။ ပေါက်သီးသည် စပ်သည်၊ ဒူလာသရောနာ၊ ဝမ်းမီးတောက်သောအနာ၊ အလုံးအခဲတည်သောအနာ၊ မြင်းသရိုက်နာများအားနိုင်သည်။ အပွင့်သည် ဖန်၊ ခါး၊ စပ်သည်၊ အေးသည်၊ လေကိုပွားစေသည်။ သည်းခြေ၊ သလိပ်ကိုနိုင်သည်။ အသည်းရောဂါများ၊ ဆီးပူ၊ ဆီးအောင့်နှင့် နူနာရောဂါတို့ကိုပျောက်ကင်းစေသည်။ ကြက်မျက်သင့်သော အနာ၊ နှာစေးနာတို့ကိုနိုင်သည်။ အဆီအနှစ်ကိုဖြစ်စေသည်။ ဝမ်းကိုက်ရောဂါကို ပျောက်ကင်းစေသည်ဟု ဖော်ပြထားသည်။

အိန္ဒိယဆေးကျမ်းများတွင် ပေါက်စေ့သည် ဝမ်းသက်စေသည်၊ ကပ်ပါးကောင်များကိုသေစေသည်။ ပေါက်ရွက်နှင့်ပေါက်ပန်းသည် ခွန်အားဖြစ်စေသည်၊ အရေပြားကို သွေးတိတ်စေသည်၊ ဆီးရွှင်စေသည်ဟု ဖော်ပြထားသည်။

### အပွင့်နှင့်ကျန်းမာရေး

- အဖြူ နှင့် အနီ နှစ်မျိုးရှိပြီး အနီရောင်ပေါက်ပွင့်က အဖြူထက်ပို၍ ဆေးစွမ်းထက်မြက်သည်။
- ပေါက်ပွင့်ကို ရေအေးတွင် တစ်ညစိမ်၍ နံနက်တွင် သကြားအနည်းငယ်ထည့်သောက်ပါက စအိုဝနာခြင်း၊ ဆီးနှင့်ရော၍သွေးပါခြင်း၊ နှာခေါင်းသွေးယိုခြင်းတို့ကို ပျောက်ကင်းစေသည်။
- ဆီးချုပ်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးအိမ်ရောင်ခြင်းတို့အတွက် ပေါက်ပွင့်ကို ရေနွေးနှင့်ကျိုချက်သောက်ပါ။ ယင်းပြုတ်ဖတ်ကို ချက်နှင့်ဆီးခုံပေါ် အုံပေးခြင်းဖြင့် ဆီးရွှင်စေသည်။
- ပေါက်ပွင့်ခြောက်ကို ရေနွေးတွင် လက်ဖက်ခြောက်ကဲ့သို့ခတ်၍ သောက်ပါက အသည်းရောဂါအမျိုးမျိုးနှင့် ပျက်စီးနေသောအသည်းကလာပ်စည်းများကို ပြန်လည်ကောင်းမွန်စေသည်။ မောပန်းခြင်းကိုပြေစေ၍ သွေးသားကို သန့်ရှင်းစေသည်။ အသက်ကြီးသူများဖြစ်တတ်သော လေအားနည်းဝေဒနာကိုလည်း သက်သာစေသည်။
- အပွင့်ကို အရည်ညှစ်ပြီး မျက်စိတွင်ခတ်ပေးပါက မျက်စိမှုန်၊ မျက်စိဝေခြင်းတို့ကို ပျောက်ကင်းစေသည်။
- ခေါင်းတစ်ခြမ်းကိုက်ခြင်းအတွက် အပွင့် သို့မဟုတ် အရွက်ကို အရည်ညှစ်ပြီး ရှုပေးပါ။
- အရိုးကျိုးပေါင်းရောဂါ၊ လည်ပင်းအရိုးအဆစ်နာ၊ ကြက်မျက်သင့်ရောဂါဖြစ်ပါက အပွင့်ကို ပြုတ်စားပေးနိုင်သည်။
- မီးယပ်အဖြူဆင်းရောဂါ၊ သွေးအန်သွေးကျရောဂါအတွက် အပွင့်ကို သုပ်စားနိုင်သည်။

### အစေးနှင့်ကျန်းမာရေး

- အရေပြားပေါ်ရှိ အနာ၊ အဖုအပိမ့်များအတွက် လတ်ဆတ်သည့် အနီရောင်ပေါက်စေးကို လိမ်းပေးလျှင် ပျောက်ကင်းနိုင်ပါသည်။
- ပေါက်စေးကို ဝမ်းသွားပျောက်ဆေးအဖြစ် ဖော်စပ်အသုံးပြုနိုင်သည်။ ဝမ်းကိုက်ခြင်း၊ ဂမ်းသွားခြင်းဖြစ်ပါက ပေါက်စေးလက်ဖက်ရည်ဇွန်း သုံးပုံတစ်ပုံခန့်ကို တစ်ရက်လျှင်သုံးကြိမ် ရေနွေးဖြင့် သောက်ပါ။

### အစေ့နှင့်ကျန်းမာရေး

- ပေါက်စေ့သည် ဝမ်းကိုက်နာ၊ အလွန်ပူသောအနာနှင့် သွားနာရောဂါများကိုနိုင်သည်။
- ပွေး၊ ယားနာများအတွက် ပေါက်စေ့ကို သံပရာရည်နှင့်သွေး၍ လိမ်းပါ။
- အစေ့ကို ရေတွင်စိမ်၍ အခွံခွာပြီးလျှင် အတွင်းဆန်ကို အခြောက်လှန်းကာ ကြိတ်၍ နံနက်၊ ည တစ်နေ့နှစ်ကြိမ် ဆက်စားပြီး လေးရက်မြောက်သောအခါ ဝမ်းနုတ်ဆေးစားပါက ဝမ်းတွင်းရှိ သန်ကောင်များ ကျစေနိုင်သည်။
- ပေါက်စေ့မှထွက်သောအဆီသည် ပိုးမွှားနှင့်သန်ကောင်တို့ကိုနိုင်သည်။ ပေါက်စေ့၊ ငရုတ်ကောင်းနှင့် ရှိန်းခိုတို့ကို ဆတူထောင်း၍ အလုံးလေးများလုံးပြီး စားလျှင် သန်ကောင်များကိုသေစေသည်။

■ ပေါက်ပွင့်ခြောက်ကို ရေနွေးတွင် လက်ဖက်ခြောက်ကဲ့သို့ ခတ်၍သောက်ပါက အသည်းရောဂါအမျိုးမျိုးနှင့် ပျက်စီးနေသောအသည်းကလာပ်စည်းများကို ပြန်လည်ကောင်းမွန်စေသည်။ မောပန်းခြင်းကိုပြေစေ၍ သွေးသားကိုသန့်ရှင်းစေသည်။ အသက်ကြီးသူများဖြစ်တတ်သော လေအားနည်းဝေဒနာကိုလည်း သက်သာစေသည်။

■ အပွင့်ကိုအရည်ညှစ်ပြီး မျက်စိတွင်ခတ်ပေးပါက မျက်စိမှုန်၊ မျက်စိဝေခြင်းတို့ကို ပျောက်ကင်းစေသည်။

■ ခေါင်းတစ်ခြမ်းကိုက်ခြင်းအတွက် အပွင့် သို့ မဟုတ် အရွက်ကိုအရည်ညှစ်ပြီး ရှုပေးပါ။

### အရွက်နှင့်ကျန်းမာရေး

- အရွက်ကို အားတိုးဆေးတွင် အသုံးပြုသည်။
- အရွက်ကို အနာ၊ အဖုအပိမ့်များပေါ် လိမ်းအုံပေးပါက ပျောက်ကင်းစေသည်။
- အရွက်ကို အရည်ညှစ်ပြီး ချင်းခြောက်၊ ပိတ်ချင်း၊ ကြံ့သကာတို့နှင့် ဆတူရောပြီး ရှူပေးပါက စိတ်ဖောက်ပြန်ပျံ့လွင့်သောရောဂါကို ပျောက်ကင်းစေသည်။ (စိတ်ကျရောဂါအတွက်ကိုလည်း ဤနည်းအတိုင်း ရှူပေးပါ)
- အတက်ရောဂါ၊ ဝက်ရူးပြန်ရောဂါဖြစ်ပါက ပေါက်ရွက်ကို ငရုတ်ကောင်းနှင့်ရောကြိတ်ပြီး ရှူပေးပါ။
- ပေါက်ရွက်ကို ကျီးအာသီးဆန်နှင့်ရောစားပါက ပန်းသေရောဂါ ပျောက်ကင်းနိုင်သည်။
- တုပ်ကွေးဖျား၊ ရိုးရိုးဖျားတို့အတွက် ပေါက်ရွက်ကို ကြက်သွန်နီများများနှင့် ကြော်စားပါ။
- အပူလောင်နာဖြစ်ပါက ပေါက်ရွက်သတ္တုရည်ထည့်ပေးပါ။
- ထိခိုက်ဒဏ်ရာရပါက ပေါက်ရွက်သတ္တုရည်ကို လက်ဖက်ရည်အကြမ်းပန်းကန်တစ်လုံးခန့်သောက်ပါ။ အနာမန်းဝင်ခြင်းမှ ကင်းဝေးစေသည်။

### အခေါက်နှင့်ကျန်းမာရေး

- အခေါက်နှင့်အစေ့ကို မြွေဆိပ်ကုသရာတွင်လည်းကောင်း၊ မြွေဆိပ်ဖြေဆေးဖော်စပ်ရာတွင်လည်းကောင်း အသုံးပြုနိုင်သည်။
- အခေါက်ကို ချင်းနှင့်ပြုတ်သောက်သော် အဆိပ်တက်ခြင်းမှပြေစေသည်။
- တီဘီအဆုတ်နာ၊ ငှက်ဖျားရောဂါများအတွက် အပွင့်နှင့်အခေါက် ပြုတ်ရည်သောက်ပါ။

### ဥနှင့်ကျန်းမာရေး

- ပေါက်ဥမှုန့်ကို ပျားရည်နှင့်စားပါက အားအင်ပြည့်ဖြိုးကာ အသက်ရှည်စေသည်။

### အမြစ်နှင့် ကျန်းမာရေး

- အမြစ်သတ္တုရည်သည် မျက်စိရောဂါ၊ မျက်စိစွံခြင်းတို့ကို ပျောက်ကင်းစေပြီး မျက်စိအမြင်ကို ကြည်လင်စေသည်။
- အဆစ်ရောင်ရောဂါအတွက် အမြစ်ကိုရေနှင့်သွေးပြီး မီးနှင့်နွေးအောင်ပြုလုပ်ကာ ရောင်နာနေသော အဆစ်ပေါ်လိမ်းပေးပါ။

### သတိပြုရန်

ပေါက်ပင်တစ်ပင်လုံး ဆေးဖက်ဝင်သည်ဆိုသော်လည်း တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အလွန်အကြူးစားသောက်မိပါက ကျောက်ကပ်ပျက်စီးတတ်ပြီး သွေးအားနည်းရောဂါဖြစ်စေနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့်နို့တိုက်မိခင်များ စားသုံးရန်မသင့်ကြောင်း ရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် ငရုတ်ဧက ၆၈၀ ခူးဆွတ်ပြီးစီးပြီဖြစ်

ပွင့်ဖြူ ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ငရုတ်ဧက ၆၈၀ ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ငရုတ် ၁၃၇၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၉၈၂ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ အဆိုပါငရုတ်စိုက်ခင်းများကို ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ခူးဆွတ်ခဲ့ရာ လက်ရှိအချိန်ထိ ဧက ၆၈၀ ခူးဆွတ်ပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် ငရုတ်စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းခဲ့ပါတယ်။ ငရုတ်က စိုက်ပျိုးပြီး နှစ်လခွဲလောက်ဆိုရင် စတင်ခူးဆွတ်ရပါတယ်။ ဒေသခံတောင်သူတွေက ငရုတ်စိုက်ခင်းတွေကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကစပြီး ခူးဆွတ်တာ လက်ရှိအချိန်ထိ ဧက ၆၈၀ ခူးဆွတ်ပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကအထွက်နှုန်းအနေနဲ့လည်း ကောင်းမွန်မှုရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။



ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသတွင်းရှိ ငရုတ်စိုက်တောင်သူများကို သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားရေရိက္ခာ ဖူလုံစေရန် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသော ငရုတ်မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်နှင့် စိုက်ပင်အရေအတွက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသောငရုတ်များ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးအတွက် သဘာဝမြေဩဇာနှင့် သဘာဝစိုက်ပျိုးရေး သွင်းအားစုများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သဖြင့် ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ ပြီးခဲ့သည့်နှစ်ကထက် အထွက်နှုန်းကောင်းမွန်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဖေဖော်ဝါရီ ၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဒေသထွက်စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်၌ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဌေးဌေး၏ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာ ၆၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဘိုကလေးမြို့နယ်ကထွက်တဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ဇန်နဝါရီလမှာ ကောက်ရိုးမှိုပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလည်း ရန်ကုန်ဈေးကွက်က ကောက်ရိုးမှိုတွေကို မှာယူအားကောင်းနေပါတယ်"ဟု ဒေါ်ဌေးဌေးကပြောသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်လိုအားကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ ဝယ်ယူရောင်းချသူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ရန်ကုန်စတော့အိတ်ချိန်း၌ ဖေဖော်ဝါရီလပထမပတ် တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင် သုံးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်စတော့အိတ်ချိန်း၌ ဖေဖော်ဝါရီလပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် သုံးသောင်းနီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီလ ၃ ရက်မှ ၇ ရက်အထိ တစ်ပတ်တာကာလအတွင်း ငွေကျပ် ၁၀၅၀၇၅၂၀၀ တန်ဖိုးရှိစတော့ရှယ်ယာ အစောင် ၂၉၅၃၀ အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၄၀၁၅၁၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၃၅၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၂၀၀ နီးပါး အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၁၆၂၃၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၁၉၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၇၉၇၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ထက်ဝက်ခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၆၇၄၁၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၈၄၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၉၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာခြောက်စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၈၄၅၅၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၂၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၆၉၂၁၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၄၅၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၁၀၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၀၃၆၅၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၃၃၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၂၀၀၀ နီးပါး အရောင်းအဝယ်မြင့်တက်ခဲ့သည်။

ယခုတစ်ပတ်အတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီလေးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သော်လည်း ကျန်ကုမ္ပဏီလေးခုမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ရာ ပြီးခဲ့သည့်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စတော့ရှယ်ယာအစောင် ၃၀၀၀ ကျော် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀.၂.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂.၂.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနား ကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ. . .**

**❖ စာတတ်ပြီးစာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ . . .**

**❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ. . .**

**❖ လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်. . .**

**❖ စာပေလေ့လာဖတ်ရှုနိုင်မည့်ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့်တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အားလက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အားယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

